## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ISBN 978-99986-982-0-8
9 789998 698208 >




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ ဇွန်လ )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ ဇွန်လ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် ( ၇၆/၂၀၂၂ )

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၂ ခုနှစ်၊ ဇူလိုင်လ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၁၅၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ ဇွန်လ )

# မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစု၏ ၂၀၂၂ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၇

၂။ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာ အားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၁၀

၃။ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်၊ တပ်မတော်ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၁၄

၄။ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်းပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၁၇

၅။ ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း ၁၉

၆။ အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမအဆောက်အဦနှင့် ဆက်စပ်အဆောက်အဦများ ထိန်းသိမ်းဆောင်ရွက်နိုင်မည့်အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၂၄

၇။ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများ၊ အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများ၊ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ အရာရှိကြီးများအားတွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၂၇

၈။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံပြောကြားသည့်အမှာစကား ၃၁

၉။ သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူး များနှင့် အရာရှိကြီးများအား ဗိုလ်တထောင်မြို့နယ်ရှိ ရေဝတီရေတပ်စခန်းဌာနချုပ်ခန်းမ၌ တွေ့ဆုံပြောကြားသည့် အမှာစကား ၃၅

၁၀။ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၃၇

၁၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား ၃၉

၁၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၂)တွင် ပြောကြားသည့် အမှာစကား ၄၃

၁၃။ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဒုတိယဥက္ကဋ္ဌ (၁) ခွန်ထွန်းတင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၅၀

၁၄။ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးစဉ်ပြောကြားသည့်အမှာစကား ၅၂

၁၅။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ပြီးစီးမှုအခြေအနေ များကို ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၅၄

၁၆။ ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား ၅၆

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၉) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

## ၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

## ၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစု၏ ၂၀၂၂ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၂ - ၆ - ၂၀၂၂ )





၂၀၂၂ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းဆည်အနီး၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

**သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကျင်းပ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကအမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပြီး ၂၀၂၀ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုပြင်းထန်ခဲ့သဖြင့် ပြုလုပ်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း၊ မြေဆီမြေနှစ်များ နိုးထချိန်၊ မိုးရေမှန်မှန်ရချိန်ဖြစ်သည့် ဇူလိုင်လအတွင်း အများအားဖြင့် ပြုလုပ်ခဲ့ပြီး ယခုနှစ်တွင် မိုးဦးကျစောသည်သာမက မိုးလေဝသသည်လည်း သင့်တင့်မှန်ကန်နေပြီဖြစ်သည့်အတွက် ယခင်နှစ်များထက်စော၍ ပြုလုပ်ခြင်းဖြစ်ကြောင်း။

သစ်ပင်များသည် သက်ရှိသတ္တဝါများအားလုံး၏ အဓိကအစာကွင်းဆက်ဖြစ်သကဲ့သို့ သက်ရှိသတ္တဝါများ အချိန်နှင့်အမျှရှူသွင်းနေသည့် အောက်ဆီဂျင်ကိုထုတ်ပေး

နေသည့် သဘာဝအောက်ဆီဂျင်ထုတ်စက်များလည်းဖြစ်ကြောင်း၊ အပင်စိုက်ပျိုးခြင်းသည် စိုက်ပျိုးသူကိုယ်တိုင်နှင့် စိုက်ပျိုးသူများ၏ ပတ်ဝန်းကျင်ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကျိုးကျေးဇူးများကိုပေးစွမ်းနိုင်ပြီး မိမိတို့၏လူ့ပတ်ဝန်းကျင်တွင် **"သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်"**၊ **"တစ်သက်ပျော်ချင် သစ်ပင်စိုက်"** ဟူသည့် အဆိုအမိန့်စကားရပ်များ ဖြစ်ထွန်းလာခြင်းဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ယခုကဲ့သို့သစ်ပင်စိုက်ပွဲတော်များကျင်းပနေခြင်းသည် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်ကျင်းပနေခြင်းပင်ဖြစ်ကြောင်း၊ သစ်ပင်သစ်တောများသည် လေထုအပူချိန်ကိုထိန်းညှိပေးနိုင်သည်ဖြစ်သည့်အတွက် ကြီးမားသည့်ရာသီဥတုပြောင်းလဲမှုများ၊ ဆိုးရွားသည့် ရာသီဥတုဖောက်ပြန်မှုများမဖြစ်စေရန် ထိန်းညှိပေးနေသည်ကိုလည်း သိရှိထားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရေဆင်းဒေသသည် ယခင်က ပူပြင်းသည့်ရာသီဥတုရှိခဲ့ပြီး ယခုကဲ့သို့သစ်ပင်စိုက်ပျိုးမှုများကို ရေရှည်ဆောင်ရွက်ခဲ့သောကြောင့် လက်ရှိအခါတွင် ကောင်းမွန်သည့်ရာသီဥတုနှင့် စိမ်းလန်းစိုပြည်မှုအကျိုးရလဒ်ကို ခံစားရခြင်းပင်ဖြစ်ကြောင်း။

> မိမိတို့နိုင်ငံတွင်
> သစ်ကိုအခြေခံသည့် အဆောက်အဦများ
> အများအပြားရှိနေသည့်အတွက်
> မိမိတို့နိုင်ငံ၏လူနေမှုစနစ်ကို
> မြှင့်တင်ပေးရမည်ဖြစ်ပြီး
> ခေတ်နှင့်လျော်ညီပြီး သဟဇာတဖြစ်သည့်
> အဆောက်အဦများဖြစ်ပေါ်လာအောင်
> ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထင်းစိုက်ခင်းများ စိုက်ပျိုးတည်ထောင်ကြရန်နှင့် တစ်ပင်စိုက်တစ်ပင်ရှင် စနစ်ဖြင့် ဖြစ်ထွန်းအောင်မြင်ရေး အားလုံးပူးပေါင်းဆောင်ရွက်**

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည်နှင့်အညီ ထင်း၊ မီးသွေးကို လောင်စာအဖြစ်အသုံးပြုနေကြဆဲဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင်နေထိုင်ကြပြီး ချက်ပြုတ်ရေးအတွက်အများစုသည် ထင်းကိုအဓိကထားသုံးစွဲနေကြကြောင်း၊ ထို့ကြောင့် သဘာဝသစ်တောများအပေါ် အဓိကမှီခိုအားထားနေကြရသည်ဖြစ်သည်ဟုပြောကြားလိုကြောင်း၊ ထိုကဲ့သို့မှီခိုနေရမှုများကို လျှော့ချနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျေးရွာပိုင်ထင်းစိုက်ခင်းများကို တစ်ရွာလျှင်အနည်းဆုံး နှစ်ဧကစိုက်ပျိုးတည်ထောင်ကြရန် မှာကြားခဲ့ခြင်းပင်ဖြစ်ကြောင်း၊ အပင်စိုက်သည့်အခါတွင် စိုက်ပျိုးပြီးသည်နှင့်မလုံလောက်ဘဲ ရှင်သန်ကြီးထွားအောင် ထိန်းသိမ်းစောင့်ရှောက်ရန်လည်းလိုအပ်ကြောင်း၊ တစ်ပင်စိုက်တစ်ပင်ရှင်စနစ်ဖြင့် ဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ နိုင်ငံသားအားလုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုဧရိယာသည် တစ်နှစ်ထက်တစ်နှစ် လျော့နည်းပျက်စီးလာပြီး သစ်တောများ ပိုမိုပျက်စီးလာသည်ကိုစိစစ်တွေ့ရှိရကြောင်း၊ ထို့ကြောင့် သစ်ပင်သစ်တောများ ပြုန်းတီးမှုကိုဖြစ်စေနိုင်သည့် သစ်တောထွက်ကုန်များကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ သစ်များတရားမဝင်ထုတ်ယူ၍ ကိုယ်ကျိုးစီးပွားအတွက်ဆောင်ရွက်ခြင်းနှင့် ရွှေ့ပြောင်းတောင်ယာများစိုက်ပျိုးခြင်းများကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိမှုအားနည်းနေပါက ထင်းအသုံးပြုမှုသည်ရှိနေဦးမည်ဖြစ်သဖြင့် ထင်းအသုံးပြုမှုများကိုစနစ်တကျဖြစ်စေရေးနှင့် ထင်းအစားထိုးလောင်စာများ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သစ်ကိုအခြေခံသည့်အဆောက်အအုံများ အများအပြားရှိနေသည့်အတွက် မိမိတို့နိုင်ငံ၏လူနေမှုစနစ်ကို မြှင့်တင်ပေးရမည်ဖြစ်ပြီး ခေတ်နှင့်လျော်ညီပြီး သဟဇာတဖြစ်သည့်

အဆောက်အအုံများဖြစ်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**စိမ်းလန်းသာယာသည့် နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရဂုဏ်ယူနိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်**

မိမိတို့ဒေသအလိုက် သစ်ပင်စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းများကိုဆောင်ရွက်ကြရမည်ဖြစ်ပြီး သစ်ပင်စိုက်ပျိုးခြင်းအားဖြင့် မိမိတို့အတွက်သာမက အနာဂတ်မျိုးဆက်သစ်များအတွက်လည်း အကျိုးများစွာကိုဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ သစ်တောသစ်ပင်များ စိုပြည်စိမ်းလန်းမည်ဆိုပါက ကျန်းမာပျော်ရွှင်ဖွယ်ကောင်းသည့် လူ့ပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းနိုင်မည်ဖြစ်ကြောင်း၊ သစ်ကိုအခြေခံသုံးစွဲသည့် နယ်ပယ်များအားလုံးကို အတတ်နိုင်ဆုံးလျှော့ချရမည်ဖြစ်ပြီး သစ်တောသစ်ပင်သုံးစွဲမှုလျှော့ချခြင်းအားဖြင့် တိုင်းပြည်သာယာဝပြောမှုကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိမ်းလန်းသာယာသည့်နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရဂုဏ်ယူနိုင်ရေး မိမိတို့အားလုံးအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၃ – ၆ – ၂၀၂၂ )





ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန်လ ၃ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အားကစားဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားမှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပေါ်လွင်စေနိုင်ပြီး အားကစားပြိုင်ပွဲများသည် တရားမျှတမှုရှိသည့် စွမ်းရည်ပြယှဉ်ပြိုင်မှုများ ဖြစ်ပါကြောင်း။

အလားတူ အားကစားသည် နိုင်ငံသူ နိုင်ငံသားများ၏ စိတ်နှလုံးကို စွဲဆောင်သိမ်းသွင်းနိုင်ခြင်း၊ နိုင်ငံ့ဂုဏ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုဆောင်ကာ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထက်သန်စေနိုင်ပြီး ယှဉ်ပြိုင်မှုတိုင်းတွင် အနိုင်မခံ၊ အရှုံးမပေးသည့်စိတ်ဓာတ်၊ ခိုင်မာသည့်စိတ်ဓာတ်များကို ဖြစ်ပေါ်စေနိုင်သည့်အတွက် ကမ္ဘာ့နိုင်ငံအသီးသီး

တွင် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်းကို မြှင့်တင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဆိုသည်ကို၊ အားလုံး အသိပင်ဖြစ်ကြောင်း။

တစ်နည်းအားဖြင့် မိမိနိုင်ငံပြည်သူများ၏ ကျန်းမာ ကြံ့ခိုင်မှုနှင့် အားကစားအဆင့်အတန်းကို မြှင့်တင်နိုင်ရန် အတွက် ပြည်တွင်းအားကစားပြိုင်ပွဲများ၊ ဒေသအတွင်း အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာအားကစားပြိုင်ပွဲ များတွင် ပါဝင်ယှဉ်ပြိုင်ကြပြီး မိမိတို့၏အားကစား စွမ်းရည်ကို ထုတ်ဖော်ပြသနိုင်ရန်အတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်နေကြသည်ကိုတွေ့မြင်နေရကြောင်း။

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ၂၀ ကို အားကစားသမား ၂၉၃ ဦး၊ အုပ်ချုပ်သူ၊ နည်းပြ ၉၇ ဦး စုစုပေါင်း ၃၉၀ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ပြိုင်ပွဲမသွားမီ နိုင်ငံတော်အလံအပ်နှင်းပွဲတွင် အကောင်း ဆုံးကြိုးစားယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြရန်၊ မိမိ နိုင်ငံအလံလွှင့်တင်ဂုဏ်ပြုရသည်အထိ ကြိုးစားကြရန် မှာကြားခဲ့ပါကြောင်း၊ အားကစားသမားများ၏ ကြိုးစား ယှဉ်ပြိုင်မှုကြောင့် ပြိုင်ပွဲတွင် ရွှေတံဆိပ် ၉ ခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု စုစုပေါင်းဆုတံဆိပ် ၆၂ ခုတို့ကို ရရှိခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ နိုင်ငံအနက် အဆင့် ၇ ရရှိခဲ့ကြောင်း။

**ထိုက်ထိုက်တန်တန်ဂုဏ်ပြု**

အားကစားပြိုင်ပွဲများတွင် အနိုင်မခံ၊ အရှုံးမပေး စိတ်ဖြင့် ရိုးရိုးသားသားကြိုးစားပြိုင်ပွဲဝင်ခဲ့ကြပြီး နိုင်ငံတော် အတွက် ဆုတံဆိပ်များ ဆွတ်ခူးရယူပေးခြင်းဖြင့် နိုင်ငံ့ ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးခဲ့ကြသည့်အတွက် ကျေးဇူးတင်ဂုဏ်ယူရကြောင်း၊ နိုင်ငံတကာအားကစား ပြိုင်ပွဲများတွင် အောင်နိုင်မှုဆုတံဆိပ်များ ဆွတ်ခူးရရှိပြီး နိုင်ငံတကာအလယ်တွင် အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ကာ နိုင်ငံတော်သီချင်းသံလွှင့်ပျံ့အောင် စွမ်းဆောင် ကြိုးပမ်းခဲ့သူများဖြစ်ကြသည့်အတွက် အုပ်ချုပ်သူ၊ နည်းပြ များအပါအဝင် နိုင်ငံ့ဂုဏ်ဆောင်အားကစားမောင်/မယ် များကို ယခုကဲ့သို့ ထိုက်ထိုက်တန်တန်ဂုဏ်ပြုရခြင်း ဖြစ်ကြောင်း။

(၃၁) ကြိမ်တိုင် ပြုလုပ်ခဲ့သည့် SEA Games ပြိုင်ပွဲ တိုင်းကို မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်ခဲ့ရာတွင် ပြီးခဲ့သည့် (၂၉)ကြိမ်မြောက်တွင် အားကစားနည်း ၂၉ နည်း၊ အားကစားသမား ၃၈၂ ဦး၊ ဆုတံဆိပ် ရွှေ ၇ ခုအပါအဝင် ဆုတံဆိပ် ၃၇ ခု၊ (၃၀)ကြိမ်မြောက်တွင် အားကစားနည်း ၃၁ နည်း၊ အားကစားသမား ၃၅၁ ဦး၊ ဆုတံဆိပ် ရွှေ ၄ ခု အပါအဝင် ဆုတံဆိပ် ၇၃ ခု၊ ယခု (၃၁) ကြိမ်မြောက်ပြိုင် ပွဲတွင် အားကစားနည်း ၂၀၊ အားကစားသမား ၂၉၃ ဦး ဝင် ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ် ရွှေ ၉ ခု အပါအဝင် ဆု တံဆိပ် ၆၂ ခုရရှိခဲ့သည်ကို တွေ့ရကြောင်း၊ ကိန်းဂဏန်း များအရ တိုးတက်အောင်မြင်မှုရခဲ့သည်ကိုမငြင်းနိုင်ကြောင်း၊ သို့သော်လည်း ယခုယှဉ်ပြိုင်သည့် အားကစားနည်းများ သည် ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲနောက်ဆုတ်ခဲ့သည့် အတွက်ပြည်တွင်း/ပြည်ပတွင် လေ့ကျင့်ချိန်များစွာ ရခဲ့ကြောင်း၊ လေ့ကျင့်ခဲ့သည့်အချိန်တွင်ရခဲ့သည့် အကောင်းဆုံးစံချိန် များ ယခုရခဲ့သလားဆိုသည်ကို ဆန်းစစ်ရန်လိုကြောင်း၊ မိမိအနေဖြင့် ရုပ်သံနှင့် You Tube က ကြည့်ခဲ့ရသည့် အချို့ သောအားကစားပွဲများသည် နည်းစနစ်အရ၊ သက်လုံအရ၊ ကြံ့ခိုင်မှုအရလိုအပ်ချက်ရှိနေသည်ကိုတွေ့ရကြောင်း၊ အင်ပြည့် အားပြည့်ကစားရန် လိုနေသေးသည်ဟုသုံးသပ်ရကြောင်း၊ အားကစားပြိုင်ပွဲပြီးတိုင်းလေ့လာသုံးသပ်ပြီး ပြုပြင်ကြ သော်လည်း မည်သည့်အတွက်ကြောင့် တိုးတက်သင့် သလောက် မတိုးတက်သည်ကိုဆန်းစစ်ရမည်ဖြစ်ကြောင်း၊ ယခု (၃၁)ကြိမ်မြောက် ပြိုင်ပွဲတွင် မိမိတို့ထက်လူဦးရေ နည်းပြီး နိုင်ငံငယ်သည့် နိုင်ငံများက ဆုတံဆိပ်ရရှိမှုတွင် မိမိတို့အထက်၌ ရှိနေသည်ကိုတွေ့ရကြောင်း၊ ပြိုင်ပွဲဝင် သည့် လူဦးရေအရေအတွက်နှင့် အားကစားနည်း နည်း သည့်အတွက်ကြောင့် သို့မဟုတ် စံချိန်၊ ကြံ့ခိုင်မှု၊ နည်းစနစ် စသည့်အချက်များ ကွာခြားခြင်းကြောင့်လားဟု မေးစရာ ရှိကြောင်း။

**တိုင်းပြည်၏ဂုဏ်သိက္ခာ**

အားကစားနှင့် စီးပွားရေး(ငွေကြေး)၊ နိုင်ငံရေးရော၍ မရကြောင်း၊ မိမိတို့နိုင်ငံကိုယ်စားပြုယှဉ်ပြိုင်နေခြင်း သည် အိုလံပစ်ပြိုင်ပွဲ အဆင့်ဆင့်သာဖြစ်ပါကြောင်း၊ SEA Games တွင်သာမဟုတ်ဘဲ အာရှအဆင့်အထိသွားရမည် ဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် ကမ္ဘာ့အဆင့်အထိသွားရမည် ဖြစ်ကြောင်း၊ မိမိအနေဖြင့် အပြည့်အဝအားပေးရန်အသင့် ရှိကြောင်း၊ အဆင့်မီသည့် အားကစားသမားတိုင်းသည် နိုင်ငံကိုယ်စားပြုချင်သည့်စိတ်လည်း ရှိရန်လိုကြောင်း၊ ယင်းမှာ တိုင်းပြည်၏ဂုဏ်သိက္ခာ ဖြစ်ကြောင်း။

**အားကစားမောင်/မယ်များအနေဖြင့် လာမည့် ၂၀၂၃ ခုနှစ်၊ မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင်လည်း ယခုထက်ပိုမိုအောင်မြင်မှုရရှိရေး မလျော့သော ဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ရေကုန်ရေခန်းပြိုင်ပွဲဝင်နိုင်ရေး ယခုကတည်းက အားထုတ်ကြိုးပမ်းပြင်ဆင်သွားကြရန် အလေးအနက်တိုက်တွန်းမှာကြားလို။**

ယခုပြိုင်ပွဲတွင်မိမိတို့နိုင်ငံအနေဖြင့် အားကစားသမားများ အရေအတွက်နည်းနည်းဖြင့် ပြိုင်ပွဲအမျိုးအစား တစ်ဝက်လောက်ကိုသာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြသော်လည်း နိုင်ငံအလိုက်အဆင့်တစ်ခုကို ထိုက်ထိုက်တန်တန် ရယူပေးခဲ့ကြသည့် မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်များနှင့် အောင်မြင်မှုကို မှတ်တမ်းတင် ဂုဏ်ပြုကြရမည်ဖြစ်ကြောင်း။

ထို့ပြင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားအဖွဲ့ချုပ်အသီးသီးမှ မြန်မာအားကစား မောင်/မယ်များအနေဖြင့် အားကစားစည်းမျဉ်း၊ စည်းကမ်းဥပဒေဘောင်များအတွင်းကနေ အားကစားစိတ်ဓာတ်အပြည့်ဖြင့် တရားနည်းလမ်းကျစွာယှဉ်ပြိုင်အနိုင်ယူပြီး နိုင်ငံတော်အတွက် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးပေးခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း။

**ငွေကျပ်သိန်းပေါင်း ၁၃၂၇၀**

ယခုဂုဏ်ပြုပွဲတွင် ပြိုင်ပွဲမသွားမီ ကြိုတင်အသိပေးကြေညာထားသည့်အတိုင်း တစ်ဦးချင်းပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၃၀၀၊ ငွေတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၂၀၀၊ ကြေးတံဆိပ်ရရှိခဲ့သူများကို ငွေကျပ်သိန်း ၁၀၀ နှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့သည့် အားကစားသမားတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိခဲ့သည့် အားကစားသမားတစ်ဦးလျှင် ငွေကျပ်သိန်း ၇၀၊ ကြေးတံဆိပ်ရရှိခဲ့သည့် အားကစားသမားတစ်ဦးလျှင် ငွေကျပ် ၃၅ သိန်း၊ အားကစားနည်းအလိုက် တာဝန်ယူဆောင်ရွက်ခဲ့သည့် နည်းပြများကို မိမိတို့အားကစားနည်းအလိုက် ရွှေတံဆိပ်ရရှိခဲ့ပါက နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀ ၊ ငွေတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၅၀ ၊ ကြေးတံဆိပ်ရရှိခဲ့ပါက ငွေကျပ်သိန်း ၃၀နှင့် အားကစားနည်းအလိုက် အုပ်ချုပ်မှုအဖွဲ့များကိုလည်း ရွှေတံဆိပ်ရရှိသည့် အုပ်ချုပ်မှုအဖွဲ့များကို ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ရရှိသည့် အုပ်ချုပ်မှုအဖွဲ့များကို ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ရရှိသည့် အုပ်ချုပ်မှုအဖွဲ့များကို ငွေကျပ်သိန်း ၃၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ်သိန်းပေါင်း ၁၃၂၇၀ ကို ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ယခုချီးမြှင့်ငွေများသည် အားကစားနှင့်သက်ဆိုင်သူများအတွက် သင့်တော်သည့် လူမှုဘဝတိုးတက်မှုကို အထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ အားကစားသမားများကနိုင်ငံ့ဂုဏ်ဆောင်ရန် အားသွန်ခွန်စိုက်ကြိုးစားသကဲ့သို့ နိုင်ငံတော်ပိုင်းကလည်း လိုအပ်သည့် ပံ့ပိုးမှုများ ရရှိအောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

**ယခုထက်ပိုမိုအောင်နိုင်ရေး**

ယခုကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူလူထုအပါအဝင် ပံ့ပိုးကူညီကြသူစေတနာရှင်များ၊ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၏ အားပေးချီးမြှောက်မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် ဆုတံဆိပ်များရယူပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသကဲ့သို့ နောင်လာမည့် နိုင်ငံတကာပြိုင်ပွဲများတွင်လည်း အားကစားသမားများအနေဖြင့် မိမိတို့၏ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ ကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံ အရှုံးမပေးသည့် စိတ်ဓာတ်များနှင့် ပေါင်းစပ်ပြီး ယခုထက်ပိုမိုအောင်နိုင်ရေးအတွက် အလေးအနက်ထား ဆက်လက်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်း။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲသည် အရှေ့တောင်အာရှဒေသအတွင်း ဂုဏ်သိက္ခာအမြင့်ဆုံး အားကစားပြိုင်ပွဲ၊ အာဆီယံနိုင်ငံများ၏ အားကစားအဆင့်အတန်းကို မှတ်ကျောက်တင်ရာ အားကစားပြိုင်ပွဲ၊ နိုင်ငံတစ်နိုင်ငံ၏

အားကစားအဆင့်အတန်းကို တိုင်းတာသည့်အားကစားပြိုင်ပွဲကြီးဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲကြီးတွင် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည့် အားကစားသမားများနှင့် တာဝန်ရှိသူအားလုံးကိုမှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ အားကစားမောင်/မယ်များအနေဖြင့် လာမည့် ၂၀၂၃ ခုနှစ်၊ မေ ၅ ရက်မှ ၁၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင်လည်း ယခုထက်ပိုမို အောင်မြင်မှုရရှိရေး မလျော့သောဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ရေကုန်ရေခန်းပြိုင်ပွဲဝင်နိုင်ရေး ယခုကတည်းက အားထုတ်ကြိုးပမ်းပြင်ဆင်သွားကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုကြောင်း။

**နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်**

လူငယ်လူရွယ်တိုင်း အားကစားကိုစိတ်ပါဝင်စားပြီး ကျန်းမာသန်စွမ်းသည့် မျိုးဆက်သစ် နိုင်ငံ့သားကောင်းများ၊ အားကစားထူးချွန်သည့် မောင်မယ်များအဖြစ် သက်ဆိုင်ရာ ဒေသကိုယ်စားပြု၊ နိုင်ငံကိုယ်စားပြုသူများ အဆင့်ကနေ အရှေ့တောင်အာရှမှ အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ဆက်လက်ကြိုးပမ်းပြီး နိုင်ငံတကာပြိုင်ပွဲများတွင် အောင်နိုင်မှုများ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ကြပါစေ ဟု တိုက်တွန်းပြောကြားသည်။

■ ■ ■

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်၊ တပ်မတော်ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၄ - ၆ - ၂၀၂၂ )





ဗီယက်နမ်နိုင်ငံတွင် ကျင်းပသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်၊ တပ်မတော်ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ဇွန်လ ၄ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာညှော့ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ တပ်မတော်ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများတက်ရောက်ကြသည်။ **နိုင်ငံတော်နှင့် တပ်မတော်အတွက် စွမ်းစွမ်းတမံ ရေကူးရေခန်းယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများကို ထိုက်သင့်သည့်ချီးမြှောက်မှုများ ပြုလုပ်ပေးလျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ကမ္ဘာတစ်ဝန်းလုံးကို ခြိမ်းခြောက်ခဲ့သည့် ကိုဗစ်-၁၉

ကပ်ရောဂါနှင့်အခြားသော အနှောင့်အယှက်အခက်အခဲမျိုးစုံကြားမှ တပ်မတော်၏အစဉ်အလာ (၁၂)ရပ်တွင် ပါဝင်သည့် **"အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသော တပ်မတော်ဖြစ်သည်"** ဟူသည့်အတိုင်း အမိနိုင်ငံတော်အတွက် မဆုတ်မနစ်သော ယုံကြည်ချက်၊ ခံယူချက်များနှင့် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ပေးခဲ့ကြသည့် စွမ်းဆောင်ချက်များအပေါ် မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

မြန်မာ့အားကစားအောင်မြင်မှုအခန်းကဏ္ဍကို လေ့လာကြည့်မည်ဆိုပါက မိမိတို့တပ်မတော်သားများ၏ ထူးချွန်ပြောင်မြောက်သည့် စွမ်းဆောင်ချက်များကို ပေါ်လွင်ထင်ရှားစွာတွေ့ရမည်ပင်ဖြစ်ကြောင်း၊ ပြည်တွင်းမှာသာမက နိုင်ငံတကာပြိုင်ပွဲများစွာတွင်လည်း အောင်မြင်မှုများစွာရရှိခဲ့သည့် သမိုင်းမှတ်တမ်းကောင်းများကို မော်ကွန်းရေးထိုးထားလျက်ရှိကြောင်း၊ တစ်ချိန်က မြန်မာ့ဘောလုံးအသင်း၏လျှမ်းလျှမ်းတောက်အောင်မြင်မှုများတွင် မိမိတို့တပ်မတော်သားများ၏ အစွမ်းအစများသည် ယနေ့ထက်တိုင် ပြောစမှတ်တွင်နေဆဲပင်ဖြစ်ကြောင်း၊ ဘောလုံးအားကစားတွင်သာမကဘဲ ပြေးခုန်ပစ်၊ လက်ဝှေ့၊ အလေးမ၊ ဂျူဒိုအစရှိသည့် အားကစားနည်းများတွင်လည်း ဆုတံဆိပ်များစွာနှင့်အတူ တပ်မတော်နှင့်နိုင်ငံ့ဂုဏ်ကို ဆောင်ပေးခဲ့ကြကြောင်း၊ ထိုကဲ့သို့နိုင်ငံတော်နှင့်တပ်မတော်အတွက် စွမ်းစွမ်းတမံ ရေကုန်ရေခန်းယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သား အားကစားသမားများကို ထိုက်သင့်သည့် ချီးမြှောက်မှုများလည်း ပြုလုပ်ပေးခဲ့ကြောင်း။

**တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက် (၉) ရပ်ကိုချမှတ်ထားပြီး လူမှုရေးကဏ္ဍတွင် **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဟူသည့်အချက်ကို ပြဋ္ဌာန်းထားလျက်ရှိကြောင်း၊ ထုတ်ပြန်ထားသည့် ပြဋ္ဌာန်းချက်နှင့်အညီ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားပြိုင်ပွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် စီမံဆောင်ရွက်ပေးနေသကဲ့သို့ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်နစ်နာခဲ့ရသည့် ပညာရေးလုပ်ငန်းများအတွက်လည်း ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဇွန် ၂ ရက်နေ့တွင် အခြေခံပညာကျောင်းများကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ဇွန် ၃ ရက်အထိ ကျောင်းသား၊ ကျောင်းသူ ၆ သန်းနီးပါး ကျောင်းတက်ပညာသင်ကြားနေကြပြီဖြစ်ကြောင်း။

တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးခြင်းသည် မျိုးဆက်သစ်အားကစားသမားများ ပေါ်ပေါက်စေခြင်းမှတစ်ဆင့် မြန်မာ့အားကစား ကဏ္ဍကိုလွှမ်းစေရေးအတွက်ပင်ဖြစ်သည်ကို သိရှိထားရန်လိုကြောင်း၊ တတိယလေးလပတ်ကာလတွင် တပ်မတော်အားကစားပြိုင်ပွဲနှင့် စိန်ရတုလွတ်လပ်ရေးအကြိုပြည်နယ်နှင့်တိုင်းဒေသကြီးအားကစားပြိုင်ပွဲများ ပြုလုပ်သွားရန်ရှိကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ မျိုးချစ်စိတ်ကို ယင်းနိုင်ငံသားများပါဝင်ယှဉ်ပြိုင်သည့် အားကစားပြိုင်ပွဲမှတစ်ဆင့် လေ့လာသိရှိနိုင်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အချို့နိုင်ငံများသည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အားမတောင့်တင်းကြပေမဲ့လည်း အားကစားအောင်မြင်မှုများကြောင့် အခြားသောနိုင်ငံများ၏ အသိအမှတ်ပြုနေရာပေးခြင်းကိုခံကြရကြောင်း၊ ထို့ကြောင့် မိမိတို့ယှဉ်ပြိုင်ကစားနေရသည့် အားကစား၏တန်ဖိုးကိုသိရှိနားလည်ပြီး ရှိပြီးသားအောင်မြင်မှုများမှတစ်ဆင့် ပိုမိုတိုးတက်အောင်မြင်သည့်အဆင့်ရောက်အောင် အမျိုးသားရေးစိတ်ဓာတ်ခံယူချက်ကောင်းများနှင့် ဆက်လက်ကြိုးစားသွားကြရမည်ဖြစ်ကြောင်း။

ထိုသို့လုပ်ဆောင်နိုင်ရေး တပ်ရင်း၊ တပ်ဖွဲ့ဌာနချုပ်အသီးသီးတွင် အားကစားကွင်းများ၊ အဆင့်မီအားကစားရုံများ တည်ဆောက်ပေးပြီး လေ့ကျင့်ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ပေးထားကြောင်း၊ အထူးသဖြင့် မိမိတို့ တပ်မတော်၏ သဘောသဘာဝနှင့်နီးစပ်သည့် ဘောလုံး၊ ဘော်လီဘောအားကစား၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်း၊ သေနတ်ပစ်၊ လက်ဝှေ့၊ သိုင်း၊ ပြေးခုန်ပစ်တွင် တာဝေး၊ တာလတ်အပြေး၊ လမ်းလျှောက်၊ ရေကူး၊ လှေလှော်အားကစားများတွင် ပိုမိုထူးချွန်အောင်ကြိုးစားဆောင်ရွက်ပြီး နိုင်ငံကိုယ်စားပြု လက်ရွေးစင်အားကစားသမားများအနေဖြင့် နိုင်ငံတကာအဆင့်အထိ တက်လှမ်းနိုင်သည်အထိ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

**နိုင်ငံတစ်နိုင်ငံ၏ မျိုးချစ်စိတ်ကို ယင်းနိုင်ငံသားများပါဝင်ယှဉ်ပြိုင်သည့် အားကစားပြိုင်ပွဲမှတစ်ဆင့် လေ့လာသိရှိနိုင်သည်ကို အားလုံးအသိပင်ဖြစ်၊ အချို့နိုင်ငံများသည် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအင်အားမတောင့်တင်းကြပေမဲ့လည်း အားကစားအောင်မြင်မှုများကြောင့် အခြားသောနိုင်ငံများ၏ အသိအမှတ်ပြုနေရာ ပေးခြင်းကိုခံကြရ၊ ထို့ကြောင့် မိမိတို့ယှဉ်ပြိုင် ကစားနေရသည့် အားကစား၏တန်ဖိုးကိုသိရှိ နားလည်ပြီး ရှိပြီးသားအောင်မြင်မှုများမှ တစ်ဆင့် ပိုမိုတိုးတက်အောင်မြင်သည့်အဆင့် ရောက်အောင် အမျိုးသားရေးစိတ်ဓာတ် ခံယူချက်ကောင်းများနှင့် ဆက်လက်ကြိုးစား သွားကြရမည်ဖြစ်။**

**ရှိရင်းစွဲ အရည်အချင်းကောင်းများကို တိုးတက်အောင် ဆက်လက်ကြိုးစားရမည်ဖြစ်သကဲ့သို့ မျိုးဆက်သစ် အားကစားသမားများကိုလည်း အစဉ်အလာကောင်း များ လက်ဆင့်ကမ်း**

ယခု SEA Game ပြိုင်ပွဲသည် (၃၁)ကြိမ်မြောက် ဖြစ်ပြီး အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲ အဖြစ်အစပြု၍ ပြုလုပ်ခဲ့သည့် ပြိုင်ပွဲအားလုံးတွင် မိမိတို့ တပ်မတော်သားများ ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့ သည်မှာများစွာရှိကြောင်း၊ (၃၁)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် မိမိတို့နိုင်ငံအနေဖြင့် ရွှေတံဆိပ် ၉ ခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၃၅ ခု၊ စုစုပေါင်း ၆၂ ခုတို့ကို ရယူနိုင်ခဲ့သည့်အတွက် ပြိုင်ပွဲဝင်နိုင်ငံ(၁၁) နိုင်ငံတွင် မိမိတို့နိုင်ငံသည် အဆင့်(၇) ရရှိခဲ့ကြောင်း၊ မိမိ တို့တပ်မတော်သားအားကစားသမား(၃၈)ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာတွင် ရွှေတံဆိပ် ၃ ခု၊ ငွေတံဆိပ် ၂ ခုနှင့် ကြေး တံဆိပ် ၈ ခု၊ ဆုတံဆိပ်စုစုပေါင်း ၁၃ ခု ရယူပေးနိုင်ခဲ့ပြီး ဆုရရှိခဲ့သည့်အထဲတွင် ရဲမေတစ်ဦးပါဝင်ကြောင်း တွေ့ရှိ ရသည့်အတွက်လည်း များစွာပီတိဖြစ်မိပါကြောင်း၊ အထူး သဖြင့် ဘောလုံး၊ ဘော်လီဘော၊ သေနတ်ပစ်၊ မြှားခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဂျူဒို၊ လှေလှော်စသည့် အားကစား နည်းများအပါအဝင် အားကစားနည်းမျိုးစုံ၌ မိမိတို့ တပ်မတော်သားများ၊ ရဲမေများသည် ဆုတံဆိပ်ပေါင်း များစွာရယူနိုင်ခဲ့ကြကြောင်း၊ မိမိတို့တပ်မတော်တွင် တပ်မတော်သားများ၏ ရဲစွမ်းသတ္တိများကိုသာမက ပါရမီ ဖြည့်ဖက်များ၏ ထူးချွန်ပြောင်မြောက်သည့် စွမ်းဆောင် ချက်များကို အတိတ်သမိုင်းကနေ မျက်မှောက်ကာလ အထိ တွေ့နေရဆဲဖြစ်ကြောင်း၊ ယနေ့တွင် ဂုဏ်ပြုဆု ချီးမြှင့်ခြင်းခံရသူများအနေဖြင့် မိမိတို့ရှိပြီးသား အရည် အချင်းများကို တိုးတက်အောင် အစဉ်ကြိုးပမ်းနေရမည် ဖြစ်သကဲ့သို့ နောင်လာမည့် မျိုးဆက်သစ်များကိုလည်း အားကျအတုယူဖွယ်ရာကောင်းသည့် အစဉ်အလာကောင်း များကို လက်ခံကျင့်သုံးလာနိုင်အောင် နည်းပေးလမ်းပြ ပြုလုပ်သွားကြရန် လိုအပ်မည်ဖြစ်ပြီး မှန်ကန်သည့် လက်ဆင့်ကမ်းအမွေကို ပေးခြင်းပင်ဖြစ်ကြောင်း။

အားကစားပြိုင်ပွဲများအပြင် မည်သည့်ရည်မှန်းချက် တာဝန်မျိုးကို ထမ်းဆောင်ရသည်ဖြစ်စေ တပ်မတော်၏ အစဉ်အလာ (၁၂) ရပ်အတိုင်း ကြိုးစားပုံဖော်သွားကြရန် လိုကြောင်း၊ တပ်မတော်သားများပီပီ လေ့ခွက်ချည်းကျန် အလံမလှဲဟူသည့်စိတ်မျိုးမွေးပြီး အမျိုးသားရေးစိတ်ဓာတ် ကောင်းများနှင့် နောင်လာမည့် ပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း၊ **မျိုးဆက်သစ်များ အတွက်စံနမူနာပြ တပ်မတော်သားများဖြစ်အောင်ကြိုး စားပြီး နိုင်ငံတော်နှင့်တပ်မတော်အတွက် ဂုဏ်ဆောင် နိုင်သူများဖြစ်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်ကြိုးစားသွားကြမည်**ဖြစ်ကြောင်းဖြင့် တိုက် တွန်းမှာကြားသည်။

■ ■ ■

# အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) မှ ဒုတိယဥက္ကဋ္ဌ ဦးစန်းပေ့ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၄ - ၆ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) မှ ဒုတိယဥက္ကဋ္ဌ ဦးစန်းပေ့ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ဇွန်လ ၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) မှ ဒုတိယဥက္ကဋ္ဌအတူ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်၊ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီ အတွင်းရေးမှူး (၂) ဦးအားလူနှင့် ဆက်ဆံရေးနှင့်ဆက်သွယ်ရေးဌာနကြီးမှူး ဦးစိုင်းမောက်တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် လက်နက်ကိုင်ပဋိပက္ခများကို ငြိမ်းချမ်းစွာဆွေးနွေးအဖြေရှာနိုင်မှသာလျှင် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်သည့်အခြေအနေများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်နေချိန်တွင်လည်း ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့တွင် ရပ်တန့်နေ၍မရဘဲ

စဉ်ဆက်မပြတ်တိုးတက်မှုရှိအောင် ဆောင်ရွက်နေရမည် ဖြစ်သည့်အခြေအနေများ၊ မိမိတို့အနေဖြင့် တိုင်းပြည်၏ အနာဂတ်မျိုးဆက်သစ်များကို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို လက်ဆင့်ကမ်းနိုင်ရေး ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရမည့်အခြေအနေများ၊ ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သဘောထားကြီးစွာဖြင့် နိုင်ငံရေးဆွေးနွေးမှုမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်နိုင်ရန် အမြော်အမြင်ကြီးစွာ ကမ်းလှမ်းခဲ့မှုအပေါ် NDAA (မိုင်းလား) အဖွဲ့မှ ဝမ်းမြောက်ကြိုဆိုသည့်အခြေအနေများ၊ NDAA (မိုင်းလား) အဖွဲ့အနေဖြင့် နိုင်ငံတော်မှခွဲမထွက်ဘဲ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို စွဲမြဲစွာထိန်းသိမ်းလိုက်နာလျက်ရှိသည့်အခြေအနေများနှင့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကိုရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ NDAA (မိုင်းလား)အဖွဲ့မှ ဒေသထွက်လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား)မှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

■ ■ ■

# ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်း

## ( ၅ – ၆ – ၂၀၂၂ )






၂၀၂၂ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို ဇွန်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ ဦးစောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးရွှေကြိမ်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်း အတွင်းဝန်များ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး များနှင့် ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ နေပြည်တော် ရှိအခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ဇွန်လ ၅ ရက်နေ့ တွင် ကျရောက်သည့် ၂၀၂၂ ခုနှစ်၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့၏ဆောင်ပုဒ်မှာ **“တစ်ခုတည်းသော ကမ္ဘာမြေ (Only One Earth)”** ဖြစ်ကြောင်း၊ လူသားများ အနေဖြင့် ပိုမိုရေရှည်တည်တံ့စေပြီး ပိုမိုစိမ်းလန်းစေမည့် ပတ်ဝန်းကျင်နှင့် ညီညွတ်သည့်လူနေမှုဘဝများကို ဖြစ်နိုင် သမျှ ပြောင်းလဲဖော်ဆောင်ကြစေရန်၊ တစ်နည်းအားဖြင့် လူသားများရေရှည်ရှင်သန်နိုင်ရန်အတွက် သဘာဝနှင့် ညီညွတ်မျှတစွာ နေထိုင်နိုင်ကြစေရန်၊ ပြောင်းလဲဖြစ်ပေါ် နေသည့် ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေများကို အားလုံး သိရှိကြပြီး လိုအပ်သည့်တုံ့ပြန်မှုများကို အချိန်မီဆောင် ရွက်နိုင်ကြစေရန်နှင့် တစ်ခုတည်းသောကမ္ဘာမြေကို မိမိ တို့အားလုံး ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းကာကွယ်ကြရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ပတ်ဝန်းကျင် ပြဿနာများကို ကမ္ဘာ့နိုင်ငံများ ဝိုင်းဝန်းပူးပေါင်းဖြေ ရှင်းနိုင်ကြရန် ၁၉၇၂ ခုနှစ်က ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်း မြို့တွင် ပထမဆုံးကမ္ဘာ့ပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံဖြစ် သည့် **“ကုလသမဂ္ဂလူသားပတ်ဝန်းကျင်ညီလာခံ”** ကိုကျင်းပ ခဲ့သည်မှာ ယခုနှစ်ဆိုလျှင်နှစ် ၅၀ ပြည့် မြောက်သည့် ထူးခြားသောနှစ်လည်းဖြစ်ကြောင်း။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Programme – UNEP) က ၂၀၁၉ ခုနှစ်တွင်

ထုတ်ပြန်ခဲ့သည့် ဆဋ္ဌမအကြိမ် ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်အခြေအနေဆန်းစစ်ခြင်း အစီရင်ခံစာတွင် လာမည့် ၂၀၅၀ ပြည့်နှစ်အထိ ကာလအတွင်း ကမ္ဘာ့မြို့ပြ လူဦးရေသည် ဆက်လက်တိုးမြင့်နေပြီး မြို့ပြဖြစ်ထွန်းလာမှုကို စနစ်တကျစီမံခန့်ခွဲနိုင်ခြင်းမရှိခဲ့ပါက လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများကို ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ လူဦးရေကြီးထွားလာမှုကြောင့် တစ်ဦးချင်းစီရရှိနိုင်မည့် ဂေဟစနစ်၏ဝန်ဆောင်မှုများ လျော့နည်းလာမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်အစီအမံများကို ဂရုမပြုခဲ့ပါကသယံဇာတအရင်းအမြစ်များ လျော့နည်းပြုန်းတီးမှု၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်းများနှင့် ပိုမိုကြုံတွေ့နိုင်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုသည် အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအဟန့်အတားစိန်ခေါ်မှုတစ်ခုဖြစ်ကြောင်း စသည့်တွေ့ကြုံလာရမည့် ပြဿနာများကို အလေးထားဖြေရှင်းဆောင်ရွက်ကြရန် အရေးတကြီးလိုအပ်နေသည့်အတွက် မိမိတို့မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၊ ရာသီဥတုပြောင်းလဲမှု၏ ဆိုးကျိုးသက်ရောက်မှုများကို တားဆီးလျှော့ချနိုင်ရန် အလေးထားကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း။

**မြန်မာနိုင်ငံ၏ သစ်တောဂေဟစနစ်နှင့် သယံဇာတထိန်းသိမ်းရေးအတွက် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းပြည့်မီရေးကို ရည်မှန်းလုပ်ဆောင်လျက်ရှိရာ ယခုအခါ သဘာဝကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော ၂၅ ဒသမ ၈ ရာခိုင်နှုန်း ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်၊ သဘာဝနယ်မြေများဖွဲ့စည်းခြင်းကို နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်း ရည်မှန်းလုပ်ဆောင်နေရာတွင် ၆ ဒသမ ၄၃ ရာခိုင်နှုန်းဖွဲ့စည်းထားနိုင်ခဲ့ပြီး ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်ကြိုးစားကြရမည်ဖြစ်။**

**နယ်ပယ်သုံးခု**

ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ရည်ရွယ်ချက်များထဲတွင် အဓိကနယ်ပယ်သုံးခုဖြစ်သည့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဂေဟစနစ်ယိုယွင်းမှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာများကို ကမ္ဘာ့နိုင်ငံများအားလုံးက ဖြေရှင်းနိုင်ရန်အတွက် သင့်လျော်သည့်မူဝါဒများ ချမှတ်ဖော်ဆောင်ကြရန်နှင့် နိုင်ငံအလိုက်၊ ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းမှုများ တိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းထားကြောင်း။

**နိုင်ငံ၏စီးပွားရေးကို များစွာထိခိုက်စေခဲ့**

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ့စီးပွားရေး၏ အဓိကကျောရိုးဖြစ်ပြီး ရာသီဥတု၏ ဆိုးကျိုးသက်ရောက်မှု အထူးသဖြင့် မုတ်သုံရာသီတိုတောင်းလာခြင်း၊ နှစ်စဉ်ပျမ်းမျှအပူချိန်တိုးလာခြင်းနှင့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ စိုက်ပျိုးမြေများတွင် ဆားငန်ရေဝင်ရောက်ခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်နိုင်မှုစွမ်းအားများ ကျဆင်းလာခဲ့ကြောင်း၊ ထို့ပြင် သဘာဝဘေးအန္တရာယ်၏ အကျိုးဆက်အနေဖြင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းနှင့် မြေဆီလွှာပျက်သုဉ်းခြင်းများကြောင့် စိုက်ပျိုးမြေများ လက်လွှတ်ဆုံးရှုံးရခြင်းများသည် ဒေသခံများ၏ စားဝတ်နေရေးဆိုးကျိုးသက်ရောက်မှုများရှိခဲ့ပြီး နိုင်ငံ၏ စီးပွားရေးကိုများစွာထိခိုက်စေခဲ့ကြောင်း၊ ထို့ကြောင့် ပြောင်းလဲလာသည့်ရာသီဥတုနှင့်အညီ ရေကိုအကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရန်အတွက်ရေလိုအပ်ချက်နည်းသည့်သီးနှံများ၊ ရေကြီးနစ်မြုပ်မှုဒဏ်ခံသီးနှံနှင့် ရောဂါနှင့် ပိုးမွှားဒဏ်ခံသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ရာသီဥတုနှင့်ကိုက်ညီသည့် သီးနှံနှင့်သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ရေကိုချွေတာသုံးစွဲနိုင်သည့် ခေတ်မီရေသွင်းစနစ်များ အသုံးပြုစိုက်ပျိုးစေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

မွေးမြူရေးကဏ္ဍသည် စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကပံ့ပိုးပေးနေပြီး စားသုံးမှုပုံစံကို ပြောင်းလဲလုပ်ဆောင်ရာတွင် အသားစားသုံးမှု တိုးမြှင့်နိုင်ရေးအတွက် အဓိကကျသည့်ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ တိရစ္ဆာန်များကရသည့် ဇီဝမြေဩဇာများသည် ကောင်းကျိုးများရရှိစေနိုင်ခြင်း

ကြောင့် မွေးမြူရေးလုပ်ငန်းများမှ ပတ်ဝန်းကျင်အပေါ် ဖြစ်လာနိုင်သည့်ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချပြီး ကျန်းမာရေးနှင့် ညီညွတ်သည့်၊ သဘာဝနှင့် ကိုက်ညီသည့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization – FAO) ကထုတ်ပြန်သည့် **“The State of World Fisheries and Aquaculture 2020”** အရ အနာဂတ်တွင် အစားအစာဖူလုံရေးအတွက် ငါးလုပ်ငန်းကဏ္ဍသည် အဓိကဖြစ်လာကြောင်း၊ အနာဂတ်အသက်မွေးဝမ်းကျောင်းမှုများ ခိုင်မာပြီး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စားနပ်ရိက္ခာဖူလုံစေရေးအတွက် ရေချိုနှင့်အဏ္ဏဝါသယံဇာတများကို ထိန်းသိမ်းကာကွယ်ရေးသည် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ငါးသယံဇာတနှင့် ၎င်းတို့၏ ဂေဟစနစ်များ ရေရှည်စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် ငါးမျိုးသုဉ်းစေမည့်နည်းလမ်းများဖြင့် တရားမဝင်ဖမ်းဆီးခြင်းများကို ထိရောက်စွာတားမြစ်နိုင်ရေးနှင့် ပလတ်စတစ်အပါအဝင် စွန့်ပစ်အမှိုက်နှင့် ရေဆိုးများကြောင့် မြစ်၊ ချောင်း၊ သမုဒ္ဒရာညစ်ညမ်းမှု မရှိစေရေးအတွက် သက်ဆိုင်ရာဌာနများအပြင် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပြည်သူများကပါ အလေးထားပူးပေါင်း လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

## ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စနစ်ဖြင့် ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရာတွင် နိုင်ငံအတွင်း ရှိပြီးဖြစ်သည့် ရေ၊ နေနှင့် လေ စသည့် သန့်ရှင်းသောစွမ်းအင်အရင်းအမြစ်များကိုအခြေခံသည့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ခြင်းဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိပြီး လူမှုစီးပွားဖွံ့ဖြိုးမှုအထောက်အကူဖြစ်သကဲ့သို့ ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ကို ရေရှည်အစဉ်မပြတ် ထိန်းသိမ်းနိုင်မည်ဖြစ်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စနစ်ဖြင့် ထုတ်လုပ်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာနိုင်ငံကအဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးပါဝင်ထားသည့်ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဘောင်ကွန်ဗင်းရှင်းနှင့် ပါရီသဘောတူစာချုပ်များ၏ ပြဋ္ဌာန်းချက်များကိုလည်း အလေးထားအကောင်အထည်ဖော်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ သစ်တောဂေဟစနစ်နှင့် သယံဇာတထိန်းသိမ်းရေးအတွက် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ့ဧရိယာ၏ ၃၀ ရာခိုင်နှုန်းပြည့်မီရေးကို ရည်မှန်း လုပ်ဆောင်လျက်ရှိရာ ယခုအခါ သဘာဝကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော ၂၅ ဒသမ ၈ ရာခိုင်နှုန်းဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ သဘာဝနယ်မြေများဖွဲ့စည်းခြင်းကို နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်း ရည်မှန်းလုပ်ဆောင်နေရာတွင် ၆ ဒသမ ၄၃ ရာခိုင်နှုန်း ဖွဲ့စည်းထားနိုင်ခဲ့ပြီး ရည်မှန်းချက်ပြည့်မီအောင် ဆက်လက်ကြိုးစားကြရမည်ဖြစ်ကြောင်း။

## အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး

သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ခြင်းသည် နိုင်ငံတော်အတွက်သာမက နိုင်ငံသားများ၏အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိစေရေးကို အထောက်အကူပြုသည်မှာမှန်သော်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်းမရှိပါက သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ပျက်စီးစေနိုင်သည်ကို သတိပြုကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြေပေါ်၊ မြေအောက်သယံဇာတထုတ်ကုန်များအပေါ်မှီခိုသည့် စီးပွားရေးလုပ်ငန်းများကို လျှော့ချသွားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့သစ်အလုံးလိုက်တင်ပို့ခြင်းကိုရပ်ဆိုင်းခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini-Budget) နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်များတွင်လည်း သစ်ထုတ်လုပ်မှုကို ရပ်ဆိုင်းထားသည့်အပြင် ကျောက်စိမ်းတူးဖော်ခြင်းများကို လုံးခင်း၊ ဖားကန့်နှင့် မိုးညှင်းဒေသတို့တွင် ရပ်ဆိုင်းထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားအတွက် သဘာဝသယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် နိုင်ငံတော်ကချမှတ်ထားသည့် ပတ်ဝန်းကျင်ရေးရာမူဝါဒများနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းနှင့် ရေရှည်စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲသွားနိုင်ရန် အလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိမှုများအရ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် လေထု

ညစ်ညမ်းမှုကြောင့် နှစ်စဉ်လူဦးရေ ၇ သန်းခန့်သည် အသက်ဆုံးရှုံးနေကြရကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် စွန့်ပစ်ပစ္စည်း ပမာဏတန်ချိန် ၁၁ ဒသမ ၂ ဘီလီယံခန့် စွန့်ပစ်နေကြပြီး ယင်းအထဲမှ ပလတ်စတစ်စွန့်ပစ်ပစ္စည်း တန်ချိန် ၈ သန်းခန့်သည် နှစ်စဉ်ပင်လယ်၊ သမုဒ္ဒရာများ အတွင်းသို့ရောက်ရှိကာ ညစ်ညမ်းမှုများဖြစ်ပေါ်လျက် ရှိကြောင်း။

ထို့ပြင် ကမ္ဘာတစ်ဝန်းတွင် လူသားများအသုံးပြုနေသည့် ဓာတုပစ္စည်းများနှင့် ဒြပ်ပေါင်းအမျိုးအစား စုစုပေါင်း တစ်သိန်းကျော်ရှိပြီး ဓာတုပစ္စည်းအသုံးပြုမှုများကို စနစ်တကျစီမံဆောင်ရွက်နိုင်မှုမရှိပါက ပတ်ဝန်းကျင်နှင့် လူသားများ၏ကျန်းမာရေးကို ဆိုးရွားပြင်းထန်စေသည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် အထူးဂရုပြုစီမံဆောင်ရွက်ရန် လိုအပ်ကြောင်း။

ယနေ့ကာလတွင် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ် ဖြစ်လာသည့် ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ရေး အတွက် ယခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် ပဉ္စမအကြိမ် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာညီလာခံဒုတိယအပိုင်း (United Nations Environment Assembly–UNEA 5–2)တွင် ဥပဒေအရစည်းနှောင်မှုရှိသည့် အပြည်ပြည် ဆိုင်ရာသဘောတူစာချုပ်တစ်ရပ် ရေးဆွဲအကောင်အထည် ဖော်ရန် သဘောတူညီခဲ့ကြကြောင်း၊ ထို့ကြောင့် မြန်မာ နိုင်ငံအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှု ထိန်းချုပ်နိုင်ရေး အတွက် ကဏ္ဍစုံပေါင်းစပ်ပြီး အစီအမံများချမှတ်အကောင် အထည်ဖော်လိုက်နာဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ မဖြစ်မနေ အသုံးပြုရန်လိုအပ်သည့်နေရာများတွင်သာ ပလတ်စတစ်အိတ်ထုတ်ပိုးမှုနှင့် အသုံးအဆောင်များသာ သုံးစေလိုကြောင်း၊ Reuse , Reduce , Recycle ဆိုသည့် တိုက်တွန်းချက်အတိုင်း နိုင်ငံသူနိုင်ငံသားအားလုံး လိုက်ပါ ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်အတွက် အကျိုး များစွာဖြစ်ထွန်းစေမည် ဖြစ်သည့်အတွက် သက်ဆိုင်ရာဌာန များက အထူးအားဖြင့် တိုက်တွန်းဆောင်ရွက်စေလိုကြောင်း။

ညစ်ညမ်းမှုများကို တားဆီးကာကွယ်ထိန်းချုပ်နိုင် ရန်အတွက် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲနိုင် မှုသည် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ချမှတ်ထုတ်ပြန်ထားပြီးဖြစ်သည့် အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်း အစီအစဉ်ပါ လုပ်ငန်းများနှင့်အညီ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲ မှုကိုလက်တွေ့ဆောင်ရွက်နေကြသည့် စည်ပင်သာယာရေး အဖွဲ့အစည်းများ၊ ဆက်စပ်ဌာနအဖွဲ့အစည်းများအနေဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ကြရမည် ဖြစ်ကြောင်း။

**သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်ပြီး
ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင်
ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များကို
ထည့်သွင်းပေါင်းစပ်ခြင်းအားဖြင့်
ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊
ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုကို
ရရှိစေရေး၊ စီးပွားရေးဖွံ့ဖြိုးရေးကို
ကြိုးပမ်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်
ထိခိုက်မှုမရှိစေဘဲ ကာဗွန်ထုတ်လုပ်မှု
လျော့နည်းသည့် အစိမ်းရောင်စီးပွားရေး
ရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ရေး၊
ရာသီဥတုပြန်လည်မျှတလာစေရေးနှင့်
ဂေဟစနစ်များထိန်းသိမ်းရေး၊ စွန့်ပစ်ပစ္စည်း
စီမံခန့်ခွဲမှုအပါအဝင် ညစ်ညမ်းမှု
ထိန်းသိမ်းကာကွယ်ရေးတို့ကို
အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်
အလေးထားဆောင်ရွက်သွားမည်ဖြစ်။**

### သဘာဝကိုအခြေခံသည့်ဖြေရှင်းနည်း

ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို တားဆီး လျှော့ချရန်နှင့် ပြန်လည်ကုစားပြီး ပုံမှန်အခြေအနေပြန် ရောက်အောင် ဆောင်ရွက်သည့်နေရာတွင် အကောင်းဆုံး နှင့် အရိုးရှင်းဆုံးနည်းလမ်းမှာ သဘာဝကိုအခြေခံသည့် ဖြေရှင်းနည်း (Nature–based Solutions–NbS) ဖြစ်ကြောင်း၊ သဘာဝကိုအခြေခံပြီးဖြေရှင်းသည့်အတွက်

အရေးကြီးသည့်ဂေဟစနစ်ဝန်ဆောင်မှုများ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရေချိုရရှိနိုင်မှု၊ ပိုမိုကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းမှု၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး ရေရှည်တည်တံ့သည့် စားနပ်ရိက္ခာဘေးကင်းလုံခြုံမှု စသည်တို့ကိုပံ့ပိုးပေးသည့်အပြင် လူသားများနှင့် သဘာဝတရားတို့အကြား သဟဇာတဖြစ်စေပြီး ရာသီဥတုပြောင်းလဲမှုကို ပြည်သူဗဟိုပြုတုံ့ပြန်နိုင်ရေးအတွက်လည်း အားပေးလှုံ့ဆော်ရာရောက်ကြောင်း။

ယနေ့နိုင်ငံအများစုအလေးထားလာသည့်ပတ်ဝန်းကျင်အထောက်အကူပြု အစိမ်းရောင်စီးပွားရေးရင်းနှီးမြှုပ်နှံမှု (ဥပမာအားဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်ယူခြင်း၊ သဘာဝအခြေခံခရီးသွားလာခြင်း၊ လျှပ်စစ်ကားထုတ်လုပ်ခြင်း) စသည့်လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ပေးခြင်းအားဖြင့် နိုင်ငံ၏ သဘာဝအရင်းအနှီးများပိုမိုကောင်းမွန်လာကာ ပတ်ဝန်းကျင်ရေးရာကာကွယ်စောင့်ရှောက်မှုနှင့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးအမြတ်များကို ရရှိစေမည်ဖြစ်ပြီး ရေရှည်တည်တံ့သည့် အနာဂတ်ဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP) မူဘောင်အတွင်းမှ နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသူအားလုံး၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန် ချမှတ်ထားသည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒရည်မှန်းချက်နှင့်အခြေခံမူများကို ထိရောက်အောင်မြင်အောင် ဖော်ဆောင်နိုင်ရန်အတွက် ကဏ္ဍအသီးသီးတွင် ရေတို/ရေရှည်စီမံချက်များဖြင့် ပေါင်းစပ်အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။

**အလေးထားဆောင်ရွက်သွားမည်**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် ပတ်သက်ပြီး ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်မှု၊ ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရေး၊ စီးပွားရေးဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ကာဗွန်ထုတ်လုပ်မှုလျော့နည်းသည့် အစိမ်းရောင်စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို အားပေးမြှင့်တင်ရေး၊ ရာသီဥတုပြန်လည် မျှတလာစေရေးနှင့် ဂေဟစနစ်များ ထိန်းသိမ်းရေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအပါအဝင် ညစ်ညမ်းမှုထိန်းသိမ်းကာကွယ်ရေးတို့ကိုအမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် မိဘပြည်သူများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းပါဝင်ကြပြီး မိမိတို့၏တစ်ခုတည်းသော ကမ္ဘာမြေ ရေရှည်တည်တံ့ ရှင်သန်နိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းကာကွယ်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

■ ■ ■

# အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမအဆောက်အဦနှင့် ဆက်စပ်အဆောက်အဦများ ထိန်းသိမ်းဆောင်ရွက်နိုင်မည့်အခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၈ - ၆ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၈ ရက်နေ့ နံနက်ပိုင်းတွင် ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဘိုဌေး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအနီးရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ရေးဆွဲရန် အမျိုးသားညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စုခန်းမကြီးသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက အမျိုးသားညီလာခံကျင်းပခဲ့သည့် အဆောက်အဦ၏သမိုင်းကြောင်း၊ အဆောက်အဦများ ပျက်စီးယိုယွင်းနေမှုများနှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

**သမိုင်းဝင်အဆောက်အဦများဖြစ်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး

ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားညီလာခံ ကျင်းပခဲ့သည့် အဆောက်အဦများသည် နိုင်ငံတော်အတွက် အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ရေးဆွဲဖော်ဆောင်ခဲ့သည့် သမိုင်းဝင်အဆောက်အဦများ ဖြစ်ကြောင်း၊ ယခင်ခေတ်အဆက်ဆက်က သမိုင်းဝင် အဆောက်အဦများကို တတ်နိုင်သမျှ ထိန်းသိမ်းထားခဲ့ကြောင်း၊ ယခုထိန်းသိမ်းမှုများအားနည်းခဲ့သည့်အတွက် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ အဆောက်အဦများ ရေရှည်တည်တံ့စေရေးအတွက် အလေးထားထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ရှိပြီးသားအဆောက်အဦများကို ပြန်လည်ပြုပြင်ထားရှိရန် လိုကြောင်း၊ အဝင်အထွက်လမ်းများ စနစ်တကျရှိစေရေး အတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စု ခန်းမကြီးနှင့် အနော်ရထာရိပ်သာတို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့သည်။

**ခုနစ်ကြိမ် ကျင်းပခဲ့**

အဆိုပါ အမျိုးသားညီလာခံကျင်းပခဲ့သည့် ပြည်ထောင်စု ခန်းမအဆောက်အဦတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ အထိ အစုအဖွဲ့ (၈) ဖွဲ့မှ ကိုယ်စားလှယ် ၇၀၂ ဦး ဖြင့် အမျိုးသားညီလာခံ (၇) ကြိမ် ကျင်းပခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတည်ပြုပြဋ္ဌာန်းပြီးချိန်တွင် အဆိုပါညီလာခံခန်းမကြီးကို အသုံးပြုခြင်း မရှိတော့ကြောင်း၊ အမျိုးသားညီလာခံကျင်းပပြုလုပ်ရာ မြေနေရာသည် ဧရိယာအားဖြင့် ၅၈၅ ဒသမ ၈၁ ဧကကျယ်ဝန်းပြီး ဧက ၂၀၀ ကို စိုက်ပျိုးရေးဇုန်အဖြစ်လည်းကောင်း၊ ဧက ၁၀၀ ခန့်ကို မွေးမြူရေးဇုန်အဖြစ်လည်းကောင်း အသုံးပြုထားကြောင်း၊ ပြုပြင်ထိန်းသိမ်းမှုများအားနည်းခဲ့သဖြင့် ယခုကဲ့သို့ ပျက်ဆီးမှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်းသိရှိရပြီး ယခုအခါ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်သို့ရောက်ရှိရာ အစည်းအဝေးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးတို့က စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အပိုင်းလိုက်ခွဲခြားဆောင်ရွက်ထားရှိမှု၊ လမ်းများဇုန်အလိုက်ဖောက်လုပ်နေမှု၊ ဇုန်အလိုက်စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ အသီးအနှံများ၊ အသား၊ နွားနို့နှင့် ဥများထုတ်လုပ်၍ ရောင်းချပေးနိုင်မှု၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး ဖော်ဆောင်ပေးနိုင်မှုအခြေအနေများနှင့် စိုက်ပျိုးမွေးမြူရေးဇုန်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အောင်မြင်အောင်စိုက်ပျိုးရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်မြို့ မိုင် ၃၀ ပတ်ဝန်းကျင်စိမ်းလန်းသာယာရေး၊ ရန်ကုန်မြို့တော်နေပြည်သူများ စားသောက်မှုအဆင်ပြေစေရေးအတွက် ယခင်တပ်မတော်အစိုးရအဆက်ဆက် တာဝန်ယူဆောင်ရွက်စဉ်ကတည်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဇုန်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန်အနေဖြင့် သီးနှံပင်များကို စိုက်ပျိုးလျက်ရှိပြီး စားရေး

ငါးသည် လူများစားသုံးသည့်
အသားများထဲတွင် ဈေးနှုန်းအသက်သာဆုံး
ဖြစ်သည့်အတွက် ရေရှည်တွင် ငါးသယံဇာတ
ပစ္စည်းများ ပြည့်ဝစွာထုတ်လုပ်နိုင်ရေး
တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်
ကြရန်လို၊ ပြည်သူများဈေးနှုန်းသက်သာစွာဖြင့်
ဝယ်ယူစားသုံးနိုင်ရေးအတွက်
စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို
အောင်မြင်အောင်ဆောင်ရွက်၍
အသား၊ ငါးနှင့် ဟင်းသီးဟင်းရွက်များကို
အပြည့်အဝထုတ်လုပ်နိုင်ရန်လို။

အတွက် အထောက်အကူပြုသည့်နှစ်ရှည်ပင်များ ဖြစ်သည့် သရက်၊ ပိန္နဲ၊ မာလကာ၊ ရှောက် စသည့်အပင်များ စိုက်ပျိုးရန်လိုသကဲ့သို့ ဟင်းသီးဟင်းရွက်သီးနှံပင်များကိုလည်း အောင်မြင်အောင် စိုက်ပျိုးရန်လိုကြောင်း၊ စိုက်ကေများ အားလုံး ပြည့်ဝစွာစိုက်ပျိုး၍ မြေကိုအကျိုးရှိစွာ အသုံးချရန်လိုကြောင်း၊ စိုက်နည်းစနစ်များ မှန်ကန်ရန်နှင့် ရေများကိုလည်း အကျိုးရှိရှိအသုံးချရန်လိုကြောင်း၊ အထွက်နှုန်းများ ကောင်းမွန်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် မွေးမြူရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် တိရစ္ဆာန်များကို သတ်မှတ်ထားသည့်အစာများကို စနစ်တကျကျွေးမွေးရန်နှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဇီဝမြေသြဇာအဖြစ် အသုံးပြုနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများသည် အပြန်အလှန်မှီခိုလျက်ရှိကြောင်း၊ ခေတ်မီသည့်စိုက်ပျိုးမွေးမြူရေး စနစ်ကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး ပညာရပ်များ တတ်ကျွမ်းစေရေးအတွက် သက်ဆိုင်ရာ ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ စနစ်တကျသင်ကြားပေးရန်လိုကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်ရန်အတွက် ခွင့်ပြုပေးထားသည့်မြေများကို ပြည့်ဝစွာစိုက်ပျိုးမွေးမြူရန်နှင့် စိုက်ပျိုးမွေးမြူရေးနှင့် မသက်ဆိုင်သည့်မြေအသုံးချမှုများမရှိစေရေး တာဝန်ရှိသူများက စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း၊ ရန်ကုန်မြို့တော်ရှိ ပြည်သူများစားသောက်ရန်အတွက် အသားနှင့်ငါးများ နေ့စဉ်လိုအပ်ချက်ရှိကြောင်း၊ ငါးမွေးမြူရေးနှင့်ပတ်သက်၍ ချောင်းများ၊ မြောင်းများ၊ ပင်လယ်များမှရရှိသည့် ငါးသယံဇာတများကို ဖမ်းယူစားသုံးမှုများပြားလာခြင်းကြောင့် သဘာဝမှ ရရှိသည့်ငါးသယံဇာတများနည်းပါးလာကြောင်း၊ ထို့ကြောင့် ငါးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျမှန်မှန်ကန်ကန်ဖြစ်ထွန်းအောင် မွေးမြူခြင်းဖြင့် ရန်ကုန်မြို့တော်အတွက် လိုအပ်သည့် ငါးများပြည့်ဝစွာရရှိရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ငါးသည် လူများစားသုံးသည့် အသားများထဲတွင် ဈေးနှုန်းအသက်သာဆုံးဖြစ်သည့်အတွက် ရေရှည်တွင် ငါးသယံဇာတပစ္စည်းများ ပြည့်ဝစွာထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်၍ အသား၊ ငါးနှင့်ဟင်းသီးဟင်းရွက်များကို အပြည့်အဝထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အလားတူ ပြည်သူများ နွားနို့ကိုပြည့်ဝစွာ သောက်သုံးနိုင်ရေးနှင့် ပြည်တွင်းနို့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နို့စားနွားမွေးမြူခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

■ ■ ■

# တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ) မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီးဗိုလ်လောင်းသင်တန်းသူများ၊ အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများ၊ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ အရာရှိကြီးများအား တွေ့ဆုံပြောကြားသည့်အမှာစကား

( ၈ - ၆ - ၂၀၂၂ )




တပ်မတော်တွင် တာဝန်ထမ်းဆောင်နေသူများအားလုံးသည် မိမိဆန္ဒအလျောက် တိုင်းချစ်၊ ပြည်ချစ်စိတ်ဖြင့် တာဝန်ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှုမပါရှိဘဲ မိမိတို့၏ဆန္ဒအလျောက် တပ်မတော်အတွင်း ဝင်ရောက်လာကြသူများဖြစ်သဖြင့် မိမိကိုယ်ကိုဂုဏ်ယူပြီး တန်ဖိုးထားကြရန်လိုကြောင်း၊ စစ်ဘက်ခေါင်းဆောင်များဖြစ်သဖြင့် ရဲရင့်ပြတ်သားသည့်စိတ်ရှိရန်နှင့် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ နေထိုင်ကျင့်ကြံရန်နှင့် ကွပ်ကဲအုပ်ချုပ်ရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် မိမိကိုယ်ကိုယ်မိမိ တိုးတက်အောင် အမြဲလေ့လာလေ့ကျင့်နေကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန်လ ၈ ရက်နေ့ မွန်းလွဲပိုင်းတွင် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မှော်ဘီ)မှ နည်းပြအရာရှိကြီးများ၊ အမျိုးသမီး ဗိုလ်လောင်းသင်တန်းသူများ၊ အမျိုးသမီးခြေလျင်တပ်စုမှူးသင်တန်းမှ သင်တန်းသူများ၊ နယ်မြေခံလေတပ်စခန်းဌာနချုပ်မှ အရာရှိကြီးများအား သက်ဆိုင်ရာခန်းမများ၌ သီးခြားစီ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း(မှော်ဘီ) ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိများ၊ သင်တန်းသူအမျိုးသမီးအရာရှိများနှင့် ဗိုလ်လောင်းများ၊ နယ်မြေခံ လေတပ်စခန်းဌာနချုပ်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

**အမျိုးသမီးစစ်မှုထမ်းများ မွေးထုတ်ပေးပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရုံးတပ်ဖွဲ့အသီးသီးတွင် တာဝန် ပေးအပ်လျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် တပ်မတော်၌ အမျိုးသမီးစစ်မှုထမ်း များ ခန့်အပ်တာဝန်ပေးအပ်ထမ်းဆောင်လျက်ရှိသည်မှာ ၁၉၅၈ ခုနှစ်ကတည်းကပင်ရှိခဲ့ကြောင်း၊ သို့သော် အကြောင်း အမျိုးမျိုးကြောင့် ကြားကာလအချိန်များတွင် ဆေးဝန်ထမ်း တပ်ဖွဲ့များမှအပ အခြားအမျိုးသမီးစစ်မှုထမ်းများကို တာဝန်ပေးအပ်နိုင်မှုမရှိခဲ့ကြောင်း၊ မိမိတပ်မတော် ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ချိန်၌ တပ်မတော် တွင် အမျိုးသမီးအရာရှိများ ခန့်အပ်တာဝန်ပေးအပ်နိုင် ရေး ဆောင်ရွက်ခဲ့ပြီး လက်ရှိအချိန်၌ တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးဝန်ထမ်းတပ်ဖွဲ့အသီးသီး၌ အမျိုးသမီး အရာရှိများ တာဝန်ထမ်းဆောင်လျက်ရှိပြီဖြစ်ကြောင်း၊ ထို့ပြင် အခြားအဆင့် အမျိုးသမီးစစ်မှုထမ်းများကိုလည်း မွေးထုတ်တာဝန်ပေးအပ်ခဲ့ပြီး တပ်မတော်တွင် အမျိုးသမီး စစ်မှုထမ်းများကိုဆက်လက်မွေးထုတ်ပေးလျက်ရှိကြောင်း။

> **နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်**
> **နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့်**
> **လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများ ရှိရန်လို၊**
> **မိမိတို့နိုင်ငံအနေဖြင့် ပြည်သူများလိုလားသည့်**
> **ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်**
> **ရှိပြီး ခေတ်အဆက်ဆက် နိုင်ငံ၏လိုအပ်ချက်**
> **များအရ တပ်မတော်မှနိုင်ငံတော်တာဝန်များကို**
> **ဝင်ရောက်ထမ်းဆောင်ခဲ့ရသည်များရှိ၊**
> **ယခုအခါ မိမိတို့အနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ်**
> **ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်**
> **မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့်**
> **တာဝန်ရှိသူများမှ ဥပဒေအရ တာဝန်ယူ**
> **ရှင်းလင်းခြင်းမပြုသည့်အတွက်**
> **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီနိုင်ငံတော်၏**
> **တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်။**

**အမျိုးသမီးများ၏အခန်းကဏ္ဍနှင့် အမျိုးသမီး လူ့စွမ်းအားအရင်းအမြစ်ကို မြှင့်တင်ဆောင်ရွက်**

မကြာသေးမီကကောက်ခံခဲ့သည့်သန်းခေါင်စာရင်းတွင် မြန်မာနိုင်ငံ၏လူဦးရေ ၅၃ ရာခိုင်နှုန်းသည် အမျိုးသမီး များဖြစ်ကြပြီး အများစုမှာမိခိုသူများဖြစ်ပြီး လုပ်အားများ အပြည့်အဝအသုံးမချနိုင်သည်ကို တွေ့ရှိရကြောင်း၊ ပညာ ရေး၊ ရုံး/ဌာန၊ အထည်ချုပ်လုပ်ငန်းပါသည့် SME များတွင် အများစုလုပ်ကိုင်ကြသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် လူ့စွမ်းအားအရင်းအမြစ်နှင့်ပတ်သက်၍ အမျိုးသမီးများ၏ အခန်းကဏ္ဍကိုလေးလေးနက်နက်ဖြင့် စဉ်းစားဆောင်ရွက် ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ဧရိယာသည် စတုရန်းမိုင်ပေါင်း ၁၆၀၀၀၀ ကျော်၊ လူဦးရေ ၅၅ သန်းကျော်ရှိကြောင်း၊ စိုက်ပျိုးမြေများများစွာရှိပြီး မှျတသည့်ရာသီဥတုရှိကြောင်း၊ ဒေသအလိုက် ထိုက်သင့်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ သဘာဝမှပေး ထားသည့် အရင်းအမြစ်များကို အသုံးချ ဆောင်ရွက်မည် ဆိုပါက မိမိတို့နိုင်ငံတိုးတက်လာမည်ဖြစ်ပြီး ၎င်းတို့ကို အသုံးချနိုင်ရန်အတွက် လူသားအရင်းအမြစ်များလည်း လိုအပ်သဖြင့် အမျိုးသမီးများသည်လည်း ပါဝင်ဆောင် ရွက်နိုင်ရန်လိုကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်း ဆောင်လျက်ရှိသည့် အမျိုးသမီးစစ်မှုထမ်းများသည် အမျိုးသားများပင် တာဝန်ထမ်းဆောင်ရန် ခက်ခဲသည့် တပ်မတော်၌ မိမိဆန္ဒအလျောက် တိုင်းချစ်၊ ပြည်ချစ် စိတ်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသဖြင့် မိမိကိုယ်ကို ဂုဏ်ယူပြီး တန်ဖိုးထားကြရန်လိုကြောင်း၊ တပ်မတော်တွင် သင်တန်းစတင်တက်ရောက်သည့် အချိန်မှစ၍ တပ်မတော် သားဘဝကို ခံယူရမည်ဖြစ်ပြီး တိုင်းပြည်ကောင်းကျိုး အတွက် ဆောင်ရွက်မည်ဟူသည့် ရိုးရင်းစွဲအခံစိတ်များဖြင့် မိမိရွေးချယ်သည့်လမ်းကြောင်းပေါ်တွင် စိတ်ကိုပိုင်နိုင်စွာ ဆုံးဖြတ်ချက်ချ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ခေါင်းဆောင်မှုပညာရပ်များကို အသုံးချ၍ ခေါင်းဆောင်ကောင်းတစ်ဦးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်**

ယခုသင်တန်း တက်ရောက်ကြသူများသည် အသက် ၁၈ နှစ်အထက်ရှိပြီးသူများဖြစ်သဖြင့် မိမိကိုယ်တိုင် ဆုံးဖြတ်ချက်ချနိုင်သည့် အရွယ်များဖြစ်ကြကြောင်း၊ သင်တန်းပြီးဆုံးပြီး တန်းပြည့်စစ်မှုထမ်းချိန်တွင် စစ်သားစိတ်ဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ အရာရှိများအနေဖြင့် စစ်ဘက်ခေါင်းဆောင်များဖြစ်သဖြင့် ရဲရင့်ပြတ်သားသည့် စိတ်ရှိရန်လိုကြောင်း၊ ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ လက်အောက်ငယ်သားများကို ညီညွတ်မျှတစွာဖြင့် အုပ်ချုပ်ရန်လိုကြောင်း၊ အမျိုးသမီးအရာရှိများကို ရွေးချယ်ဆောင်ရွက်ရာတွင် အဆင့်ဆင့်အကဲဖြတ်စစ်ဆေးဆောင်ရွက်ပြီး ခေါင်းဆောင်မှုအရည်အချင်းအပေါ်အခြေခံ၍ ရွေးချယ်ခြင်းပင်ဖြစ်ကြောင်း၊ ခေါင်းဆောင်မှုပညာရပ်များနှင့်ပတ်သက်၍ လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆောင်ရွက်နေရန်လိုကြောင်း။

မိမိတို့တာဝန်ထမ်းဆောင်သည့် လုပ်ငန်းရပ်များအပေါ် အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ စည်းကမ်းရှိရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ရန်လည်း အမြဲမပြတ် ဂရုတစိုက်ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ တက္ကသိုလ်ပြီးမြောက်ပြီးသူများဖြစ်သဖြင့် ဘာသာရပ်ဆိုင်ရာအတွေ့အကြုံများရှိပြီး အရည်အချင်းရှိပြီးသူများဖြစ်၍ မိမိတို့တတ်ကျွမ်းပြီးသား ဘာသာရပ်ကိုအသုံးချပြီး ရည်မှန်းချက်အတိုင်း မိမိတို့တပ်တိုးတက်အောင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တပ်မတော်၌ တာဝန်ထမ်းဆောင်ရာတွင် ပုံးပြောင်းတာဝန်ထမ်းဆောင်ရခြင်း ဖြစ်၍ နောင်အနာဂတ်မျိုးဆက်သစ် အမျိုးသမီးစစ်မှုထမ်းများကိုလည်း ကောင်းမွန်သည့် တပ်မတော်၏ အစဉ်အလာများကို လက်ဆင့်ကမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

ယူနီဖောင်းဝတ်ထားသူသည် မိမိယူနီဖောင်းဝတ်ထားသည့် အဖွဲ့အစည်း၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်လိုကြောင်း၊ ယူနီဖောင်းကို စနစ်တကျ ဝတ်ဆင်ခြင်းသည် စည်းကမ်းစနစ်တကျဆောင်ရွက်ခြင်းကို ထိန်းသိမ်းခြင်းပင်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်ချိန်၌ ရာထူးအရ၊ အသက်အရွယ်အရ သင်တန်းအဆင့် သတ်မှတ်ချက်များအရ တာဝန်ထမ်းဆောင်ခြင်းများ ကွာခြားလာမည်ဖြစ်သဖြင့် မိမိတို့ရည်မှန်းချက်များ ပြည့်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**စိတ်ဓာတ်ကြံ့ခိုင်မှုများကို ဆက်လက်ထိန်းသိမ်း၍ ဘဝတစ်လျှောက်လုံး မိမိကိုယ်မိမိ အမြဲတိုးတက်မှုရှိအောင် တည်ဆောက်**

စစ်ပညာသင်ကြားခြင်းသည် မိမိတို့အသက်ကို ကာကွယ်ရန်အတွက် ဦးစားပေးသင်ကြားပေးခြင်းဖြစ်သဖြင့် အလေးထားလိုက်နာသင်ယူကြရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်ရာ၌ အမျိုးသမီးစစ်မှုထမ်းများ၏ စိတ်ဓာတ်ကြံ့ခိုင်မှုများကိုတွေ့ရှိရပြီး ၎င်းစိတ်ဓာတ်ကြံ့ခိုင်မှုများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်(ကြည်း)၌သာမက တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့တွင်လည်း အမျိုးသမီးစစ်မှုထမ်းများအနေဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ တာဝန်ထမ်းဆောင်နိုင်သည်ကို တွေ့ရှိရကြောင်း။

သင်တန်းတွင် သင်ကြားပေးလိုက်သည့် စစ်ပညာများကို ကျွမ်းကျင်အောင်လေ့လာကြစေလိုကြောင်း၊ အဆင့်ဆင့်သော တန်းမြှင့်သင်တန်းများတွင်လည်း အဆင့်နှင့် လျော်ညီစွာ တာဝန်ထမ်းဆောင်နိုင်သူများဖြစ်အောင် သင်ယူကြရန်လိုကြောင်း၊ မိမိတို့တာဝန်ကျရာနေရာ အသီးသီး၌ တာဝန်ထမ်းဆောင်ရာတွင်လည်း စနစ်တကျဖြင့် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ မိမိတို့ဘဝ တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် စာပေများကို ဖတ်ရှုလေ့လာမှတ်သားပြီး မိမိကိုယ်မိမိ အမြဲတိုးတက်နေအောင် တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန်လို**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများ ရှိရန်လိုကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး ခေတ်အဆက်ဆက် နိုင်ငံ၏လိုအပ်ချက်များအရ တပ်မတော်မှ နိုင်ငံတော်တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရသည်များရှိကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ

ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် တာဝန်ရှိသူများက ဥပဒေအရတာဝန်ယူရှင်းလင်းခြင်း မပြုသည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုအခါ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြုလုပ်၍ ဆွေးနွေးလျက်ရှိပြီး ကျန်ရှိသည့်အဖွဲ့များနှင့်လည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရှိရန်လိုအပ်ကြောင်း၊ ရွေးကောက်ပွဲမကျင်းပနိုင်ပါက ၎င်းနယ်မြေများရှိ ပြည်သူများ၏အခွင့်အရေးများ ဆုံးရှုံးမှုရှိလာနိုင်ကြောင်း၊ ထို့ကြောင့် အထွေထွေရွေးကောက်ပွဲ (General Election) ဆိုသည့်စကားနှင့်အညီ ရွေးကောက်ပွဲကို တစ်နိုင်ငံလုံးကျင်းပနိုင်ရန်လိုကြောင်း၊ သို့မှသာပြည်သူများ လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် ဖော်ဆောင်နိုင်မည်ဖြစ်ပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်ကို အခြေခံသည့်ပြည်ထောင်စုစနစ်ကိုသွားနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် တပ်မတော်သားများ အနေဖြင့် မိမိတို့ကျရာတာဝန်များကို စစ်သားစိတ်မွေး၍ ကျေပွန်စွာဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံပြောကြားသည့်အမှာစကား

( ၉ - ၆ - ၂၀၂၂ )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၉ ရက်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများတင်ပြ**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးဆိုင်ရာအချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ စိုက်ပျိုး+မွေးမြူရေးနှင့် ကဏ္ဍပေါင်းစုံတွင် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ပန်းခင်းစီမံချက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ တိုင်းဒေသကြီးသာယာလှပရေးစီမံဆောင်ရွက်နေမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းယန္တရားများအားလုံး အမြဲမပြတ် လည်ပတ်နေရမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ဖြစ်ပေါ်လာသောအခြေအနေများအရ နိုင်ငံတော်၏တာဝန်များကို တာဝန်ယူထမ်းဆောင်ခဲ့ရပြီး ထိုသို့တာဝန်ယူဆောင်ရွက်နေစဉ်အတွင်း နိုင်ငံရေးအရ ဖြေရှင်း၍ရသည်များကိုလည်း ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးသည် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲမပြတ်ဆောင်ရွက်နေကြသည်ဖြစ်သဖြင့် မိမိတို့အနေဖြင့်လည်း ရပ်တန့်နေ၍မရကြောင်း၊ ထို့ကြောင့် လုပ်သင့်လုပ်ထိုက်သည်များအားလုံးကိုဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အတွက် အဓိကလိုအပ်ချက် ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ပညာသင်ကြားရေးလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများနှင့် အခြားလိုအပ်ချက်ရှိသည့် ကဏ္ဍပေါင်းစုံတို့ကို အမြဲမပြတ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများကြွယ်ဝသည့် မျိုးဆက်သစ် ပညာတတ်လူသားအရင်းအမြစ်များ များစွာမွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာကိုတတ်မြောက်အောင် သင်ကြားနိုင်မည်ဖြစ်သဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် ထုတ်ပြန်သည့် လူဦးရေသန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြင့်မားရေးအတွက် မိမိတို့အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခင်က ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့သဖြင့် ပညာသင်ကြားမှုများ ခေတ္တရပ်တန့်ခဲ့ရကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရမှ ကျောင်းများပြန်လည်ဖွင့်လှစ်ပေးပြီး ပညာသင်ကြားနိုင်ရေး စီမံဆောင်ရွက်ပေးထားသည့်အခါတွင်လည်း အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ အစိုးရမှ ထောက်ပံ့ပေးသည့် သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများနှင့်ပညာရေးအဆောက်အဦများကို ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်ကို စိတ်မကောင်းဖြစ်ဖွယ် ကြားသိနေရကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် ထိုသို့ဆောင်ရွက်နေခြင်းမှာ

> ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိပြီး ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် တာဝန်ကိုကျေပွန်စွာထမ်းဆောင်ပြီး ပြည်သူများ၏ ယုံကြည်မှုရှိစေရေး နေထိုင်ပြုမူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်။

နိုင်ငံကိုဖျက်ဆီးနေခြင်းပင်ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် နိုင်ငံတော်အတွက် များစွာနစ်နာမှုများဖြစ်ပေါ်စေကြောင်း၊ ရန်ကုန် မြို့တွင် ပညာသင်ကြားရေးနှင့်ပတ်သက်၍ အဓိကကျသည့် တက္ကသိုလ်ကြီးများရှိသည့်အပြင် အဘက်ဘက်မှ အားသာချက်များရှိကြောင်း၊ ယခင်က အစိုးရရုံးစိုက်ရာ မြို့တော်တစ်ခုဖြစ်ခဲ့ပြီး အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် အသုံးချဆောင်ရွက်ကြရန်လိုကြောင်း။

**အဓိကမောင်းနှင်အားဖြစ်သည့် စီးပွားရေးမောင်းနှင်အားကို ဖွံ့ဖြိုးတိုးတက်အောင် မဖြစ်မနေဆောင်ရွက်**

နိုင်ငံတစ်နိုင်ငံကို တည်ဆောက်မောင်းနှင်ကြရာတွင် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားဟူ၍ မောင်းနှင်အား သုံးမျိုးရှိကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု၊ စည်းလုံးမှုရှိပါက နိုင်ငံရေးအားကောင်းမွန်ပြီး စစ်ရေးအင်အား၊ လုံခြုံရေးအင်အားကောင်းမွန်ပါက ကာကွယ်ရေးအင်အားကောင်းမွန်မည်ဖြစ်ကြောင်း၊ ယင်းအင်အားနှစ်ခုကောင်းမွန်ရန်အတွက် အခြေခံမှာ စီးပွားရေးအင်အားဖြစ်၍ စီးပွားရေးမောင်းနှင်အားသည် တိုင်းပြည်အတွက် အဓိကကျကြောင်း၊ ထို့ကြောင့် မြို့နယ်စီးပွားရေးမှ ခရိုင်စီးပွားရေး၊ ယင်းမှ ဒေသအဆင့်၊ ယင်းမှနိုင်ငံတော်အဆင့်အထိ စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အမျိုးသားရေးရည်မှန်းချက်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ပေါများရေးပင်ဖြစ်ကြောင်း၊ ယခင်အစိုးရအဆက်ဆက်မှ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားရေရိက္ခာပေါများရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် ရေခံ၊ မြေခံကောင်းများရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ သို့သော် စိုက်ပျိုးရေးလုပ်ငန်းများတွင် အထွက်နှုန်းများနည်းနေသေးသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍ တစ်ဧကအထွက်နှုန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံအတွင်းစားရေရိက္ခာပေါများလာပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားများ ထုတ်ယူနိုင်

သည့် မြစ်ချောင်းများ များစွာရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများ မရှိသေးကြောင်း၊ ထို့ကြောင့် မြန်ဆန်စွာပြီးမြောက်နိုင်မည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်မီးလုံလောက်စွာရရှိရေးအတွက် ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက်ရန်လိုသကဲ့သို့ လျှပ်စစ်ဓာတ်အားများကိုလည်း ချွေတာသုံးစွဲကြရန်လိုကြောင်း၊ စက်သုံးဆီသုံးစွဲမှုများကိုလည်း ခြိုးခြံချွေတာကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုများကိုလည်း စည်းကမ်းစနစ်တကျဖြင့် သုံးစွဲရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အား ချွေတာနိုင်သည့် လျှပ်စစ်မီးများကို ပြောင်းလဲအသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများကို စိုက်ပျိုးလျက်ရှိကြောင်း၊ သို့သော်ဆီထုတ်လုပ်ရာတွင် အထွက်နှုန်းများနည်းပါးသဖြင့် ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မျိုးကောင်းရန်၊ မြေကောင်းရန်၊ ရေလုံလောက်စွာရရှိရန်၊ နည်းစနစ်မှန်ကန်ရန်စသည့်အချက်များနှင့်ပြည့်စုံပါက တစ်ဧကအထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်ရန်လိုကြောင်း။

ရန်ကုန်မြို့နေပြည်သူများ စားရေးအဆင်ပြေမှုရှိစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ ရောင်းချပေးလျက်ရှိကြောင်း၊ ဒေသတွင်း စားရေးဖူလုံအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း ရောင်းဝယ်မှုများ ကောင်းမွန်လာပြီး စီးပွားရေးကောင်းမွန်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုအနေဖြင့်လည်း အပြင်မှဝယ်ယူသုံးစွဲခြင်းထက် နိုင်ငံအတွင်း ကုန်ထုတ်လုပ်မှုများဆောင်ရွက်၍ ဖြည့်ဆည်းဆောင်ရွက်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်ပြီး ကုန်သွယ်မှုလိုငွေပြမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခင်အစိုးရနှစ်ခုလက်ထက်က ကုန်သွယ်မှုလိုငွေများစွာရှိခဲ့ကြောင်း၊ ပြည်ပနိုင်ငံများသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအပါအဝင် အကြောင်းအမျိုးမျိုးဖြင့် ပြည်ပငွေကြေးသုံးစွဲမှုများရှိကြောင်း။

**ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုစနစ်နှင့်ငြိမ်းချမ်းရေး**

နိုင်ငံရေးအရသဘောထားကွဲလွဲမှု၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခဲ့၍ စီးပွားရေးလုပ်ငန်းများတွင် ထိခိုက်နစ်နာမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအခါ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိချိန်မှစ၍ နိုင်ငံရေးစနစ်အမျိုးမျိုးဖြင့် လျှောက်လှမ်းခဲ့ပြီး ယခုအခါ ပြည်သူများလိုလားသည့် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်ဖော်ဆောင်ရမည်ဖြစ်ပြီး တစ်ဆက်တည်းတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနိုင်ရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားသည့် တိုင်းနှင့်ပြည်နယ်များ၊ လူမျိုးစုများစုစည်းလုပ်ကိုင်ခွင့်များကို ပေါင်းစည်းနေထိုင်သည့် အယူအဆ၊ မျှဝေခံစားသည့် အယူအဆဟု မှတ်သားဖူးကြောင်း၊ ဖက်ဒရယ်စနစ်ကို ကျင့်သုံးနေသည့်နိုင်ငံများသည်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံအုပ်ချုပ်မှုပုံစံများမတူညီကြဘဲ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် အုပ်ချုပ်ရေးစနစ်ကိုသာ ကျင့်သုံးနေကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း သဘောထားကွဲပြားမှုကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီတွင်တူညီသည့် အခွင့်အရေးများပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့်တွေ့ဆုံဆွေးနွေးမှုများကိုပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊

နိုင်ငံရေးအရသဘောထားကွဲလွဲမှုကိုအကြောင်းပြု၍

အကြမ်းဖက်သတ်ဖြတ်မှုများ ဆောင်ရွက်နေသူများကို ဥပဒေနှင့်အညီ တရားဥပဒေစိုးမိုးရေး၌ ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သတ်ဖြတ်မှုများကို နိုင်ငံတကာတွင်လည်း လက်မခံကြောင်း၊ နိုင်ငံရေးအရဖြစ်ပေါ်လာသည့် မတည်ငြိမ်မှုများကို ဖြေရှင်းဆောင်ရွက်ရာတွင် မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းများအရ ဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှုမပြုနိုင်ကြကြောင်း၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်ကြောင်း။

**နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် မိမိတာဝန်ယူရသည့် လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်**

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိပြီး ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီး ပြည်သူများ၏ ယုံကြည်မှုရှိစေရေး နေထိုင်ပြုမူဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းတာဝန်ကို ထမ်းဆောင်သည်ဖြစ်စေ အလေးထားဆောင်ရွက်ရန်နှင့် မိမိ၏လုပ်ငန်းတာဝန်ကို လေးစားစွာဆောင်ရွက်ရန်လိုကြောင်း၊ မိမိတာဝန်ယူဆောင်ရွက်ရသည့်လုပ်ငန်းများကို အလေးထားဆောင်ရွက်မည်ဆိုပါက လုပ်ငန်းအောင်မြင်မှုများရရှိလာမည်ဖြစ်ပြီး ပညာရပ်ပိုင်းဆိုင်ရာများကိုလည်း အလေးထားသင်ယူလေ့လာ၍ ပညာရပ်ပိုင်းနှင့်လုပ်ငန်းပိုင်းတို့တွင် အောင်မြင်မှုများရရှိအောင်၊ မိမိတာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင်လုပ်ငန်းဆောင်ရွက်ရာ၌ တစ်ဦးနှင့်တစ်ဦး လေးစားစွာဖြင့် ဆောင်ရွက်ကြရန်လိုပြီး ထိုသို့ဆောင်ရွက်မှသာလျှင် လုပ်ငန်းများအားလုံးကို အောင်မြင်စွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ–ကိုရီးယားချစ်ကြည်ရေး(ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြရာ စီမံကိန်းအစည်းအဝေးခန်းမတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက တံတားတည်ဆောက်ရေးစီမံကိန်း၏ သမိုင်းကြောင်းနှင့် စီမံကိန်းဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သဘာဝဘေးအန္တရာယ်ဒဏ်ခံနိုင်မှုအားတို့ကိုပါ ထည့်သွင်းစဉ်းစားတွက်ချက် ဆောင်ရွက်ကြစေလိုကြောင်း၊ တံတားချဉ်းကပ်လမ်းပိုင်းနေရာများသည် လူနေတိုက်များနှင့် နီးကပ်မှုရှိနေသဖြင့် သဘာဝဘေးအန္တရာယ်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကို အလေးထားစဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ရေယာဉ်များလွတ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက်လည်း ရေလမ်းကင်းလွတ်အမြင့်ကို တွက်ချက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် ဦးစားပေးအလိုက် ဆောင်ရွက်သင့်သည်များ ပြီးစီးရေးဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်း ဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများအား ဗိုလ်တထောင်မြို့နယ်ရှိ ရော၀တီရေတပ်စခန်းဌာနချုပ်ခန်းမ၌ တွေ့ဆုံပြောကြားသည့် အမှာစကား

( ၁၀ – ၆ – ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန်လ ၁၀ ရက်နေ့ မွန်းလွဲပိုင်းတွင် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများအား ဗိုလ်တထောင်မြို့နယ်ရှိ ရော၀တီရေတပ်စခန်းဌာနချုပ်ခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်တို့ရှိ နယ်မြေခံရေတပ်စခန်းဌာနချုပ်များမှ ဌာနချုပ်မှူးများနှင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက တပ်ဌာနချုပ်သမိုင်းအကျဉ်း၊ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး ၄ ရပ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဒေသခံပြည်သူများအား ကျန်းမာရေးအပါအဝင် အခြားလိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနိုင်မှု၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြောင်းလုံခြုံရေးဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ ပြန်လည်မှာကြားသည်။

**ရေကြောင်းသွားလာမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရေး စနစ်တကျဖြင့် ကွပ်ကဲကြပ်မတ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကချမှတ်ထားသည့် ရေကြောင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုရှိစေရေး စနစ်တကျဖြင့်ကွပ်ကဲကြပ်မတ်ရမည်ဖြစ်သကဲ့သို့စည်းကမ်းချိုးဖောက်သည့် ရေယာဉ်များ၊ သင်္ဘောများမရှိစေရေး ဆောင်ရွက်ရန်နှင့် တရားမဝင်ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားသယ်ဆောင်နေမှုများမရှိစေရေး တားဆီးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ခေါင်းဆောင်မှုအခန်းကဏ္ဍ**

တပ်ဌာနချုပ်တစ်ခု၏ ကောင်းခြင်း၊ မကောင်းခြင်းသည် ယင်းတပ်ကို ဦးဆောင်ရသည့် ဦးစီးခေါင်းဆောင်များနှင့် တိုက်ရိုက်သက်ဆိုင်မှုရှိပြီး ခေါင်းဆောင်မှုကောင်းစွာဖြင့် ကွပ်ကဲအုပ်ချုပ်နိုင်မှသာလျှင် တပ်ကောင်းတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိ၏ခေါင်းဆောင်မှုကို မြှင့်တင်နိုင်ရေးအတွက် ထိုးထွင်းတီထွင်ကြံဆလုပ်ဆောင်နိုင်မှုနှင့် ခေါင်းဆောင်ကောင်းတစ်ယောက်နှင့်လျော်ညီစွာ နေထိုင်ပြောဆိုလုပ်ကိုင်ဆောင်ရွက်မှုတို့သည်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ အကျင့်စာရိတ္တကောင်းမွန်မှသာလျှင် လုပ်ဆောင်ပြုမူပြောဆိုချက်များသည်လည်း ကောင်းမွန်မည်ဖြစ်ကြောင်းနှင့် မိမိကွပ်ကဲအုပ်ချုပ်ရသူများ၏ စိတ်နေသဘောထားနှင့် လုပ်ဆောင်နိုင်စွမ်းများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း သိရှိအောင်ဆောင်ရွက်ရန်လိုပြီး ထိုသို့သိရှိနေမှသာလျှင် လူမှန်နေရာမှန်နေရာချထား၍ ကွပ်ကဲအုပ်ချုပ်နိုင်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်များအနေဖြင့် မိမိကိုယ်တိုင် စနစ်တကျနေထိုင်သွားလာတတ်မှုနှင့် မိမိတာဝန်ယူရသည့် တပ်ဌာနချုပ်ကို ကောင်းမွန်အောင်ကွပ်ကဲအုပ်ချုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး နေ့စဉ်လုပ်ဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

မိမိကွပ်ကဲအုပ်ချုပ်ရသည့် အရာရှိ၊ စစ်သည်များကို စည်းကမ်းတကျနေထိုင်ပြောဆိုတတ်စေရန် ကြပ်မတ်ဆောင်ရွက်စေခြင်းသည် လေ့ကျင့်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်စေခြင်းဖြင့် စစ်သည်တစ်ဦးချင်းမှသည် တပ်တစ်တပ်ချင်းအလိုက် ယင်းမှတစ်ဆင့် စည်းကမ်းစနစ်တကျရှိသည့် တပ်မတော်ကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဦးစီးခေါင်းဆောင်များအနေဖြင့် ဘက်ပေါင်းစုံမှ စဉ်းစားတွေးခေါ်ဆောင်ရွက်၍ ကွပ်ကဲအုပ်ချုပ်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ အဆင့်ဆင့်သော ကွပ်ကဲအုပ်ချုပ်မှုများဖြင့် စည်းကမ်းစနစ်တကျရှိနေရမည်ဖြစ်ပြီး လုပ်ငန်းစဉ်များအားလုံးကို အဆင့်အလိုက်မှန်မှန်ကန်ကန်ဖြစ်နေရမည်ဖြစ်ကြောင်း၊ ထူးချွန်ခြင်း၊ ကျွမ်းကျင်ခြင်းသည် တာဝန်တစ်ခု၊ နယ်ပယ်တစ်ခုအတွက်သာဖြစ်ပြီး ဘက်ပေါင်းစုံမှ တွေးခေါ်မြော်မြင်မှုကောင်းစွာဖြင့် ဆောင်ရွက်တတ်ခြင်းသည် ခေါင်းဆောင်မှုကောင်းခြင်းဖြစ်ကြောင်း၊ ယင်းသို့ဖြစ်ရန် မိမိကိုယ်တိုင်လေ့လာအားထုတ်မှုပြုရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်နေရသည့်တပ်များကို စနစ်တကျဖြင့် ကွပ်ကဲ အုပ်ချုပ်နိုင်ရန်နှင့် တပ်တစ်တပ်ချင်းမှအစပြု၍ စည်းကမ်းစနစ်တကျရှိပြီး အမိန့်နာခံမှုအားကောင်းသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၁၃ - ၆ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်းဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ဇွန်လ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့တက်ရောက်ကြပြီး ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌနှင့်အတူ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် ခိုင်စိုးမြနှင့် ခိုင်ပေါ်လင်းတို့ တက်ရောက်ကြသည်။

## ရှင်းလင်းဆွေးနွေး

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP အဖွဲ့သည် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ခဲ့ရာတွင် ပြည်ထောင်စုအကျိုး၊ ဒေသအကျိုးကို ဆောင်ရွက်လိုသည့်စိတ်ဆန္ဒဖြင့် လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်းကို ပထမဆုံးထုတ်ပြန်ချက် ထုတ်ပြန်ခဲ့သည့်အဖွဲ့ဖြစ်သည့် အခြေအနေ၊ နိုင်ငံတော်တွင် ခေတ်အဆက်ဆက် ပြောင်းလဲကျင့်သုံးဆောင်ရွက်ခဲ့သည့် အုပ်ချုပ်မှုပုံစံများနှင့် အားသာချက်၊ အားနည်းချက်များ၊ ပြည်သူလူထုလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ရေး တပ်မတော်မှကြိုးပမ်းဆောင်ရွက်ခဲ့မှုအခြေအနေ၊ ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် တိုင်းပြည်၏ပကတိအနေအထားနှင့်ကိုက်ညီပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တောင်းဆိုချက်များ၊ အမှန်တကယ်ဖြစ်နိုင်

ဖွယ်ရှိသည်များ စသည်တို့ကို အသေးစိတ် အကြေအလည် ဆွေးနွေးအဖြေရှာ ဆောင်ရွက်သွားမည့်အခြေအနေ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ရောက်ရှိလာခြင်း မရှိသေးသည့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မြင်အောင်ကြည့်စေလိုပြီး လာရောက်ဆွေးနွေးလိုသည့် စိတ်ဆန္ဒရှိပါက ယခင်ဖိတ်ခေါ်ကမ်းလှမ်းချက်များအတိုင်း ထပ်မံဖိတ်ခေါ်သည့်အခြေအနေ၊ ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများရှိမည်ဖြစ်သော်လည်း ငြိမ်းချမ်းသည့်နည်းလမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရန်လိုသည့် အခြေအနေ၊ တိုင်းပြည်အကျိုးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံပြီး ငြိမ်းချမ်းသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး အားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည့်အခြေအနေများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

**ပြန်လည်ဆွေးနွေး**

ထို့နောက် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ယခုကဲ့သို့ တိုင်းပြည်နှင့်ပြည်သူတို့အတွက် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခဲ့သည်ကို ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP မှ ထောက်ခံကြိုဆိုသည့် အခြေအနေ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ပါတီစုံ ဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသည့်ပြည်ထောင်စုစနစ်တည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌက ဒေသထွက်လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အဆိုပါ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ ALP ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည် ဖြစ်သည်။

■ ■ ■

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၁၄ - ၆ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဇွန်လ ၁၄ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ရောက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုးနှင့် ဒေါက်တာညွန့်ဖေ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုင်းကျော်နိုင်ဦးတို့က သီးနှံမျိုးများဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စပါး၊ နေကြာ၊ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲပုပ်၊ မတ်ပဲ၊ ပဲစဉ်းငုံ၊ ကုလားပဲ၊ အစေ့ထုတ် စပ်မျိုးပြောင်း၊ ဆပ်သီးနှံ၊ နှံစားပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ကြံနှင့် ခရမ်းချဉ် စသည့်စိုက်ပျိုးရေးသီးနှံ

များအလိုက် မျိုးသန့်ပွားများခြင်းနှင့် မျိုးစေ့ထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်နေမှု၊ ၂၀၂၀-၂၀၂၁ နှင့် ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း သီးနှံမျိုးစေ့များ ဖြန့်ဝေပေးနိုင်မှုအခြေအနေ၊ နှစ်ရှည်သီးနှံများ၊ ရာသီသီးနှံများနှင့် စက်မှုသီးနှံများ မျိုးကောင်းမျိုးသန့်ရရှိရေး သုတေသနပြုဆောင်ရွက်နေမှု၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိပြီး သီးနှံအလိုက်၊ ဒေသအလိုက် သင့်လျော်သောစိုက်နည်းစနစ်များ ဖော်ထုတ်ခြင်း သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ အပင်အာဟာရပြည့်ဝစွာရရှိရေး ဇီဝမြေသြဇာများ၊ ဓာတ်မြေသြဇာများအသုံးပြု၍ စမ်းသပ်စိုက်ပျိုးခြင်းနှင့် မြေဆီလွှာ ထိန်းသိမ်းခြင်းဆိုင်ရာ သုတေသနပြုဆောင်ရွက်နေမှု၊ ပိုးမွှားရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ သီးနှံပုံစံဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ အပင်ဇီဝနည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများဆောင်ရွက်နေမှု၊ စက်မှု၊ စိုက်ပျိုးရေးနှင့် အသက်မွေးပညာသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားနေမှု၊ ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းကျောင်းနှင့် စိုက်ပျိုးရေးသိပ္ပံဌာနခွဲများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး ဒီပလိုမာသင်တန်းများ ဖွင့်လှစ်သင်ကြားနေသည့်အခြေအနေနှင့် ဆီထွက်သီးနှံစိုက်ပျိုးမှု၊ စားသုံးဆီများထုတ်လုပ်နေမှုနှင့် ပြည်တွင်းသုံးစွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်တင်ပြကြသည်။

**သုတေသနလုပ်ငန်းသည် နိုင်ငံအတွက် အရေးကြီး**

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သုတေသနလုပ်ငန်း (Research and Development) သည် နိုင်ငံတစ်ခုအတွက် အရေးကြီးသည့်လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် ကမ္ဘာ့နိုင်ငံများတွင် သုတေသနလုပ်ငန်းများကို အားပေးဆောင်ရွက်ကြသကဲ့သို့ မိမိတို့နိုင်ငံအတွက်လည်း အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း၊ စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများလည်းရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ဂျီဒီပီသည် စိုက်ပျိုးရေးလုပ်ငန်းမှ များစွာအထောက်အကူပြုကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ အထွက်နှုန်းကောင်းမွန်ရန်နှင့် အရည်အသွေးကောင်းမွန်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် သုတေသနလုပ်ငန်းများဖြင့် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်းလေးမျိုးမှာ အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ မျိုးကောင်းရန်၊ အာဟာရပြည့်ဝသည့် မြေသြဇာရရှိရန်၊ ရေလုံလောက်စွာရရှိရန်နှင့် နည်းစနစ်ကောင်းမွန်စွာဖြင့် စိုက်ပျိုးနိုင်ရန် လိုကြောင်း၊ အဆိုပါအချက်များအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားသွားခြင်းပင်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသုတေသနလုပ်ငန်းသည် နိုင်ငံအတွက် အဓိကလိုအပ်ချက်ဖြစ်ကြောင်း ပြနေသဖြင့်အရေးကြီးကြောင်း။

အနံ့နှင့်ပတ်သက်၍ စပါး၊ လူး၊ ဆပ်တို့ရှိရာတွင် စပါးသည် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စပါးမျိုးပေါင်းများစွာရှိပြီး ဒေသနှင့်ကိုက်ညီသည့် စပါးမျိုးများကို စိုက်ပျိုးနိုင်ရန်လိုကြောင်း၊ ပင်လယ်ရေငန်ဒဏ်ခံနိုင်သည့်၊ ရာသီဥတုဒဏ်ခံနိုင်သည့် မျိုးကောင်းမျိုးသန့်များရရှိအောင် သုတေသနပြုဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီသည့် မျိုးများလည်းဖြစ်ရန်လိုကြောင်း၊ အော်ဂဲနစ်နည်းပညာများဖြင့် သီးနှံများစိုက်ပျိုးနိုင်ရန် လိုအပ်ကြောင်း။

အထွက်နှုန်းကောင်းမွန်ရန်အတွက် မြေသြဇာများပြည့်ဝစွာရရှိရန်လိုအပ်သဖြင့် မြေသြဇာများဝယ်ယူရရှိရေးနှင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် ဒွန်တွဲလျက်ရှိပြီး အပြန်အလှန်အကျိုးပြုလျက်ရှိကြောင်း၊ စိုက်ပျိုးရေးမှထွက်ရှိသည့် ထွက်ကုန်များသည် တိရစ္ဆာန်အစားအစာများပြုလုပ်၍ရသကဲ့သို့ မွေးမြူရေးတိရစ္ဆာန်များမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများကို ဇီဝမြေသြဇာအဖြစ် အသုံးချ၍ရကြောင်း၊ မြေသြဇာများထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**ရေကိုစနစ်တကျဖြင့် အသုံးချရန်လို**

ရေသုံးစွဲမှုနှင့်ပတ်သက်၍ အချို့သည် ရေများကို အဟောသိကံ အသုံးပြုလျက်ရှိကြောင်း၊ ရေကိုစနစ်တကျ

ဖြင့် အသုံးချရန်လိုကြောင်း၊ အချို့နေရာများတွင် ရေလုံလောက်စွာမရရှိသဖြင့် စိုက်ပျိုးမှုမဖြစ်ထွန်းသည့် နေရာများရှိသဖြင့် ရေပေးဝေရေးစနစ်များ ကောင်းမွန်စေရေး ဆောင်ရွက်ရန်လိုကြောင်း၊ အချို့နိုင်ငံများတွင် ရေရှားပါးသော်လည်း ရေအစက်ချစနစ်များကို အသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ရေနှင့်မြေများ လုံလောက်စွာရှိသော်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ရေကို အကျိုးရှိစွာအသုံးချနိုင်ရေး သုတေသနလုပ်ငန်းများဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်နည်းစနစ်များ ကောင်းမွန်မှသာအထွက်နှုန်းများ ကောင်းမွန်မည်ဖြစ်ကြောင်း၊ စပါးများစိုက်ပျိုးရာတွင် ကောက်ကွက်များပြည့်မီရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ဧက ၃၃ သန်းရှိပြီး စပါးစိုက်ပျိုးမှုအနေဖြင့် မိုးစပါးစိုက်ဧက ၁၄ သန်းကျော်နှင့် နွေစပါးစိုက်ဧက ၃ သန်းခန့်ရှိကြောင်း၊ အဆိုပါမြေများပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းများကို သီးထပ်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဆိုပါက စပါးထွက်ရှိမှုများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးပညာရှင်များ လိုအပ်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါး တို့ကို အဓိကစားသုံးကြကြောင်း၊ ၎င်းတို့အတွက် မွေးမြူရေးပညာရှင်များလည်း လိုအပ်ကြောင်း၊ ကြက်မွေးမြူရေးလုပ်ငန်းများတွင် လိုအပ်ချက်များများစွာရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများ၌ လှောင်မွေးသည့်စနစ်၊ လွှတ်မွေးသည့်စနစ်နှင့် လှန်မွေးသည့်စနစ် သုံးမျိုးရှိပြီး လှောင်မွေးသည့်စနစ်သည် အကောင်းဆုံးဖြစ်ကြောင်း၊ တိရစ္ဆာန်များကို အစာပြည့်ဝစွာကျွေးမွေးပြီး စနစ်တကျဖြင့် မွေးမြူရန်လိုကြောင်း၊ အခြေခံကျသည့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် မွေးမြူရေးပညာရှင်များနှင့် မွေးမြူရန်လိုကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင် စိုက်ပျိုးမွေးမြူရေးပညာရှင်များ မွေးထုတ်နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများ၊ ကောလိပ်နှင့်တက္ကသိုလ်များတိုးချဲ့ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများတွင်လည်း စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် တက္ကသိုလ်များ၊ ကောလိပ်များသည် မိမိတို့နိုင်ငံထက် များပြားသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုသာရှိပါကြောင်း၊ စိုက်ပျိုးရေးပညာရှင်များ များစွာမွေးထုတ်ပေးရန်လိုနေသေးကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် ပညာရှင်များမွေးထုတ်ပေးနိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ခရိုင်များ တိုးချဲ့ဖွဲ့စည်းလျက်ရှိပြီး ခရိုင်များအလိုက် နည်းပညာဆိုင်ရာသင်တန်းကျောင်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထူးချွန်သူများကိုလည်း အဆင့်မြင့်ပညာများ ဆက်လက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

**ဆီစားသုံးမှု များပြားနေ**

ဆီဖူလုံရေးနှင့်ပတ်သက်၍ စက်သုံးဆီနှင့် စားသုံးဆီ

> စိုက်ပျိုးရေးလုပ်ငန်းသည်
> နိုင်ငံအတွက်အရေးကြီးသည့် အသက်မွေး
> ဝမ်းကျောင်းတစ်ခုဖြစ်၊ နိုင်ငံအတွက်
> အကျိုးရှိသည့် သုတေသနလုပ်ငန်းများကို
> စနစ်တကျဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလို၊
> စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျ
> ဆောင်ရွက်၍ စိုက်ပျိုးရေးထုတ်ကုန်များ
> တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့်
> နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်၊
> စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေးအတွက်
> စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့်
> ကြိုးပမ်းဆောင်ရွက်စေလို။

များကို ပြည်ပမှနှစ်စဉ်တင်သွင်းနေရမှုများရှိကြောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီစားသုံးမှုချွေတာခြင်းနှင့် ထုတ်လုပ်မှုတိုးမြှင့်အောင် ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများစိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးမြေများလုံလောက်စွာရှိပြီးဖြစ်ကြောင်း၊ လူတစ်ဦးချင်း တစ်ရက်ဆီစားသုံးမှုအနေဖြင့် ၂ ဒသမ ၂၅ ကျပ်သားရှိပြီး တစ်နိုင်ငံလုံးတစ်နှစ်လျှင် ဆီတန်ချိန်လိုအပ်မှုမှာ တန်ချိန် ၆ သိန်းမှ ၇ သိန်းခန့် ဖြစ်သော်လည်း ပြည်တွင်းဆီထုတ်လုပ်မှုမပါ နှစ်စဉ် ပြည်ပမှ ဆီတန်ချိန် ၈ သိန်းမှ ၉ သိန်းအထိ တင်သွင်းနေရသဖြင့်ဆီစားသုံးမှုများ များပြားနေသည်ကိုတွေ့ရှိရကြောင်း။

ဆီထွက်သီးနှံဖြစ်သည့် ပဲပုပ်များစိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းပဲပုပ်စိုက်ပျိုးမှုကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းဆီထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်သကဲ့သို့ တိရစ္ဆာန်အစာအတွက် ပြည်ပမှ ပဲပုပ်ကြိတ်ဖတ်များ တင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ အလားတူ နေကြာစိုက်ပျိုးမှုများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ပြည်တွင်း၌ ဆီထွက်သီးနှံများကို တိုးမြှင့်စိုက်ပျိုးဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းဆီဖူလုံမှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံဖြစ်သည့် မြေပဲနှင့် နှမ်းတို့ကို အခြားနည်းများဖြင့် စားသုံးမှုများရှိသဖြင့် အခြားဆီထွက်သီးနှံများကို ဦးစားပေးစိုက်ပျိုးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် နှမ်းနှင့်ပဲပုပ်များသည် ပြည်ပသို့တင်ပို့နိုင်ကြောင်း၊ စပါးမျိုးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံရှိကောင်းမွန်ပြီးဖြစ်သည့် ပေါ်ဆန်းမွှေးကဲ့သို့သော စပါးမျိုးကောင်းများကို ထိန်းသိမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း၊ ထို့အတူကောက်ညှင်းသည်လည်း မိမိတို့နိုင်ငံတွင်သာမက တရုတ်၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့တွင်လည်း စားသုံးမှုများပြားကြောင်း၊ ထို့ကြောင့် ကောက်ညှင်းစိုက်ပျိုးမှုတိုးတက်စေရေး သုတေသနပြုဆောင်ရွက်စေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံအတွက်အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းတစ်ခုဖြစ်ကြောင်း၊ နိုင်ငံအတွက်အကျိုးရှိသည့် သုတေသနလုပ်ငန်းများကို စနစ်တကျဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ စိုက်ပျိုးရေးထုတ်ကုန်များ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ရေးအတွက် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၂)တွင် ပြောကြားသည့်အမှာစကား

( ၁၆ – ၆ – ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၅/၂၀၂၂)ကို ဇွန်လ ၁၆ ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

**ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဖိတ်ခေါ်ဆောင်ရွက်နေမှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ငြိမ်းချမ်းရေးဆွေးနွေးမှုများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် “ငြိမ်းချမ်းရေးဆွေးနွေးပွဲနဲ့ ပတ်သက်ပြီး ပြီးခဲ့တဲ့ဧပြီလ ၂၂ ရက်နေ့က ကျွန်တော်ထာဝရငြိမ်းချမ်းရေးကိုအထောက်အကူရနိုင်ဖို့အတွက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှု ပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီတော့ အဲ့ဒီကြားထဲမှာပဲ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့ထဲမှာရော၊ လက်မှတ်ထိုးပြီးသားအဖွဲ့ထဲမှာရော အစည်းအဝေးကို အကြောင်းအမျိုးမျိုးကြောင့် မတက်ဘူးလို့ သဘောထားထုတ်ပြန်ထားတဲ့ အဖွဲ့ရှိတယ်။ ဘာမှမပြောဘဲ ငြိမ်နေတဲ့အဖွဲ့လည်းရှိတယ်။ အဲ့ဒီအဖွဲ့တွေထဲမှာလည်း တချို့ကလည်း လာချင်ကြတယ်။ တကယ်ဆွေးနွေးတဲ့အခါကျတော့ သူတို့ထင်သလို၊ ထင်ထားသလိုမဟုတ်ဘူး။ မဟုတ်တဲ့အခါကျတော့ ဒါဆိုရင်တော့

သူတို့သွားပြီးတော့ဆွေးနွေးလိုက်ရင် အကျိုးရှိမယ်ဆိုတဲ့ အမြင်မျိုးပေါ်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေလည်းရှိပါတယ်။ အချို့ကလည်း ရှေ့ကဆွေးနွေးသွားတဲ့အဖွဲ့တွေကို အရိပ်အခြေကြည့်ပြီးတော့မှ ဘာမှမပြောဘဲနဲ့ ငြိမ်နေတဲ့အဖွဲ့တွေပေါ့။ သူတို့ကလည်း ရှင်းရှင်းပြောရရင်တော့ လာချင်တဲ့သဘောတော့ရှိတယ်။ တစ်ဖွဲ့ဆိုရင် ကျွန်တော့်ကိုကြားထဲမှာဆက်သွယ်ပါတယ်။ ကျွန်တော်တို့လည်း ကျွန်တော်တို့အချင်းချင်းတိုင်ပင်ပြီးတော့ တစ်နေ့ကပဲ ကြေညာချက်တစ်စောင်ထပ်ပြီးထုတ်ပေးလိုက်ပါတယ်။ လာနိုင်အောင်လို့ပါ။ တစ်ကယ်တော့ ကျွန်တော်တို့ကတော့ ငြိမ်းချမ်းရေးဖိတ်ခေါ်တယ်ဆိုတာ တိုင်းပြည်က ကျွန်တော်တို့သွားနေတဲ့ နိုင်ငံရေးရည်မှန်းချက်နှစ်ချက် ရှိပါတယ်။ တစ်ချက်ကတော့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာကျင့်သုံးရေးပါ။ ဒုတိယကတော့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး။ ဒါနိုင်ငံရေးရည်မှန်းချက်နှစ်ခု။ မျှော်မှန်းချက်နှစ်ခုပါ။ ဒီအပေါ်မှာ ကျွန်တော်တို့တပ်မတော်က ခိုင်ခိုင်မာမာရပ်တည်ထားတဲ့အတွက်ကြောင့် ဒီအပေါ်မှာအခြေခံပြီးတော့ မည်သည့်သဘောထားကွဲလွဲတဲ့ အဖွဲ့အစည်းမဆိုဆွေးနွေးလို့ရပါတယ်။ အထူးသဖြင့် လက်နက်ကိုင်တိုက်ခိုက်နေတဲ့အဖွဲ့တွေကိုတော့ ဒီသဘောထားကြောင့် ကျွန်တော်တို့က ဒါတွေလည်း ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပါတယ်။”

“နောက်တစ်ခါ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုပေါ့လေ။ ဒီမိုကရေစီနဲ့ဖက်ဒရယ်အုပ်ချုပ်ရေးနှစ်ခုပေါင်းစပ်ထားတဲ့ ပြည်ထောင်စုကို ကျွန်တော်တို့သွားကြမယ်။ ဒီမိုကရေစီမှာလည်း တူညီတဲ့ ဒီမိုကရေစီအခွင့်အရေးပေးရမှာ။ ဥပဒေအရပဲ ကျွန်တော်တို့ပေးကြရတာ။ ဆိုလိုတာကတော့။ တူညီတဲ့ ဒီမိုကရေစီအခွင့်အရေးပေးထားတယ်။ ဒီလိုပဲဖက်ဒရယ်လို့ ပြောလို့ရှိရင်လည်း အုပ်ချုပ်ရေးနဲ့ပတ်သက်တဲ့ လုပ်ပိုင်ခွင့်နဲ့ပတ်သက်တာကို မျှဝေခံစားပြီးတော့ ခွင့်ပြုပေးတာပါ။ ခရိုင်အဆင့်ဆိုရင် ဘယ်လိုလုပ်မယ်။ မြို့နယ်အဆင့်၊ ပြည်နယ်အဆင့်ဆို ဘယ်လိုလုပ်မယ်။ ဒါမှမဟုတ်လို့ ရှိရင်လည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆို ဘာလုပ်မလဲ။ ပြည်ထောင်စုဆိုဘာလုပ်မလဲ။ ကြွင်းကျန်အာဏာရပ်တွေဆို ပြည်ထောင်စုက ဘယ်လိုကျင့်သုံးမလဲစသည်ဖြင့် ဒါတွေကို ကျွန်တော်တို့က ခွဲဝေသတ်မှတ်ပေးတာ။ ဒါကို မျှအောင်လုပ်ပေးရတာပါ။ ဒါဖက်ဒရယ်စနစ်ပါပဲ။ အကြမ်းဖျဉ်းပြောရလို့ရှိရင် ဒါပေမယ့်ဖက်ဒရယ်စနစ်ဆိုသော်လည်းပဲ ကမ္ဘာမှာရှိတဲ့ ဖက်ဒရယ်နိုင်ငံတွေတစ်နိုင်ငံနဲ့တစ်နိုင်ငံနဲ့ မတူကြပါဘူး။ ဒါကြောင့် ကျွန်တော်တို့က မြန်မာနိုင်ငံနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်ကိုပဲ ကျွန်တော်တို့သွားမယ်။ အားလုံးကတော့ တူညီတဲ့အခွင့်အရေးရရမယ်၊ ကျွန်တော် ဒီလိုခံယူပြီးတော့ ပြောခဲ့ရခြင်း ဖြစ်ပါတယ်”ဟု ပြောကြားသည်။

**အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့မှုနှင့် ထိန်းသိမ်းဆောင်ရွက်ခဲ့မှု**

အကြမ်းဖက် တိုက်ခိုက်မှုများနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ် မတ် ၃ ရက်မှ စတင်ဖြစ်ပေါ်ခဲ့ပြီး PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုဖြစ်စဉ်ပေါင်း

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ
လာမည့် ၂ နှစ် ၃ နှစ်အတွင်း တိုးတက်
ကောင်းမွန်လာမည်ဆိုပါက
လာမည့် ၅ နှစ်တာကာလခန့်အတွင်း
မိမိတို့နိုင်ငံ၏စီးပွားရေးလုပ်ငန်းများလည်း
တိုးတက်လာမည်ဖြစ်၊ စိုက်ပျိုးရေးလုပ်ငန်းများ
အောင်မြင်ဖြစ်ထွန်းစေရေးအတွက်
ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေး
ကြိုးပမ်းဆောင်ရွက်လျက်ရှိ၊ကျောက်မီးသွေး
အသုံးပြု၍ ဓာတ်မြေဩဇာထုတ်လုပ်ပြီး
ယင်းမှစွန့်ပစ်အပူဖြင့် လျှပ်စစ်ဓာတ်အား
ထုတ်လုပ်နိုင်သဖြင့် ဆောင်ရွက်ရန်
ကြိုးပမ်းလျက်ရှိ၊ မိမိတို့နိုင်ငံတွင်
သဘာဝဓာတ်မြေဩဇာထုတ်လုပ်နိုင်ရေး
ဆောင်ရွက်သွားမည်ဆိုပါက
နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်။

၁၁၀၀ ကျော်ရှိခဲ့ကြောင်း၊ အဆိုပါ အကြမ်းဖက်သမားများကို အရေးယူဆောင်ရွက်ခဲ့မှုအနေဖြင့် ဇွန် ၁၅ ရက်အထိ ဖြစ်စဉ်ပေါင်း ၇၀၀ ကျော်ဖြစ်ပွားခဲ့ပြီး ၎င်းတို့ထံမှ ပစ္စတို ၃၀၁ လက်၊ မောင်းပြန်လက်နက်မျိုးစုံ ၇၀၇ လက်၊ တူမီးသေနတ် ဖ၇၂ လက်၊ လက်လုပ်သေနတ် ၁၈၇၀ လက်၊ လက်လုပ်စိန်ပြောင်းမျိုးစုံ ဖ၅၃ လက်၊ စုစုပေါင်း လက်နက်မျိုးစုံ ၄၂၀၃ လက်ရရှိခဲ့ကြောင်း၊ အဆိုပါလက်နက်များမှ မောင်းပြန်လက်နက်အများစုသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ထံမှဖြစ်သည်ကို တွေ့ရှိရပြီး အချို့လက်နက်များမှာ ပြည်ပနိုင်ငံများမှတင်သွင်းထားခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အကြမ်းဖက်မှုများကို နှိမ်နင်းဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများနှင့် တာဝန်သိပြည်သူများ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် သေဆုံးမှုများလည်းရှိခဲ့သဖြင့် ထိုက်သင့်သည့် ခံစားခွင့်များရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တရားဥပဒေစိုးမိုးရေးအရ အကြမ်းဖက်သမားများနှင့်ဆက်စပ်လျက်ရှိသူများကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ မိမိတာဝန်ယူချိန်နောက်ပိုင်းတွင် ပြစ်ဒဏ်ကျခံနေရသူများကို လွတ်ငြိမ်းချမ်းသာခွင့်များ အကြိမ်ကြိမ်ပေးခဲ့ကြောင်း၊ သို့သော် အချို့သူများသည် အကြမ်းဖက်မှုနှင့် ဖောက်ခွဲဖျက်ဆီးမှုများတွင် ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် ဖမ်းဆီးထိန်းသိမ်း၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အချို့သောအကြမ်းဖက်လုပ်ရပ်များကို လွန်လွန်ကျူးကျူးဆောင်ရွက်ခဲ့သူများအား ထိရောက်သော ပြစ်ဒဏ်များချမှတ်ခဲ့ပြီး ဆက်လက်၍လည်း ထိရောက်သောပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်မှု**

စီးပွားရေးနှင့်ပတ်သက်၍ မိမိတာဝန်ယူချိန်ကာလအတွင်း ကြပ်ကြပ်မတ်မတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ခုတွင် ကုန်သွယ်ရေးလိုငွေများရှိခဲ့ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများတွင် မိမိတို့နိုင်ငံ၏သဘောသဘာဝအရ အစိုးရမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့်အခန်းကဏ္ဍများ၊ လုပ်ငန်းများရှိသကဲ့သို့ ပုဂ္ဂလိကမှဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်လုပ်ငန်းများလည်းရှိကြောင်း၊ အဆိုပါကာလများအတွင်း အစိုးရအနေဖြင့် ကုန်သွယ်မှုပိုငွေများ ဖြစ်ပေါ်သော်လည်း ပုဂ္ဂလိကအနေဖြင့် ကုန်သွယ်မှုလိုငွေများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ ငွေကြေးများမှာ အစိုးရမှရရှိသည့်ငွေကြေးများနှင့် အခြားသောအကြောင်းအမျိုးမျိုးကြောင့် ရရှိသည့် ငွေကြေးများဖြစ်သဖြင့် သတိထားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတာဝန်ယူဆောင်ရွက်ချိန်တွင် ကုန်သွယ်မှုနှင့်ပတ်သက်၍ အချို့သောမလိုအပ်သည့်ပစ္စည်းများတင်သွင်းမှုကို ထိန်းသိမ်းကြပ်မတ်ခဲ့ပြီး လိုအပ်သည့်ကုန်ပစ္စည်းများကိုသာတင်သွင်းစေခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီမှစ၍ ၂၀၂၂ ခုနှစ်မေလအထိ ကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ ၁၁၄၀ သန်း ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ပြန်လည်ပေးဆပ်ရန်အတွက် ချေးငွေများရှိနေသေးကြောင်း၊ နိုင်ငံအတွက် ဝင်ငွေများရရှိအောင် ဆောင်ရွက်ရန်လိုအပ်နေသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကပို့ကုန်များ မြှင့်တင်ပေးနိုင်ရန်အတွက် ပုဂ္ဂလိကပို့ကုန်လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးတိုးတက်လာစေရန် အားပေးကြောင်း၊ ပြည်တွင်းထွက်ကုန်များကို ပြည်ပသို့ ကုန်ကြမ်းများတင်ပို့ခြင်းထက် ကုန်ချောတင်ပို့ခြင်းများကိုသာ ဆောင်ရွက်လျက်ရှိကြောင်း။

**ဘဏ်လုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်ဆောင်ရွက်နေမှု**

ဘဏ်လုပ်ငန်းများနှင့်ပတ်သက်၍ မိမိတို့တာဝန်ယူပြီးနောက်ပိုင်း နိုင်ငံရေးအရ ဆူပူမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဘဏ်လုပ်ငန်းများ တံ့ဆိုင်းသွားခဲ့ကြောင်း၊ စိုးရိမ်ပူပန်မှုများကြောင့် အပ်ငွေများ ပြန်လည်ထုတ်ယူခြင်း၊ စီးပွားရေးအရ တိုက်ခိုက်ရန်အတွက် ဘဏ်များရှိ ပိုက်ဆံများကိုထုတ်ယူခြင်းနှင့် ငွေကြေးထုတ်ယူခြင်းများကို သတ်မှတ်စည်းကမ်းများအတိုင်း ဆောင်ရွက်မှုမပြုခြင်းများဖြစ်ပေါ်ခဲ့သဖြင့် ဘဏ်များပြိုလဲမှုမရှိစေရေး ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ယခု ဇန်နဝါရီလမှစ၍ ဘဏ်လုပ်ငန်းများ ပုံမှန်အခြေအနေနီးပါး ပြန်လည်လည်ပတ်နိုင်ပြီဟု ဆိုနိုင်သော်လည်း အချို့သောဘဏ်များပြန်လည်ဖွင့်လှစ်ရန်အတွက် ဝန်ထမ်းအခက်အခဲများ

ကြောင့် ဖွင့်လှစ်နိုင်မှုအားနည်းနေသည်ကို တွေ့ရှိရကြောင်း၊ ဘဏ်လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိမှု**

မိမိတို့အနေဖြင့် မဖြစ်မနေဆောင်ရွက်ရသည်မှာ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေးပင်ဖြစ်ကြောင်း၊ ပညာသင်ကြားနိုင်ရေးအတွက် ၂၀၂၂ ခုနှစ် ကျောင်းများပြန်လည်ဖွင့်လှစ်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့် ပြန်လည်ပိတ်ထားခဲ့ရမှုများလည်း ရှိကြောင်း၊ ယခုနှစ်တွင် အခြေခံပညာကျောင်းများ၌ ကျောင်းအပ်နှံသူများတိုးတက်လာခဲ့ပြီး ယခုအချိန်အထိ ၆ ဒသမ ၇ သန်းခန့် ကျောင်းအပ်နှံပြီး ၆ ဒသမ ၃ သန်းခန့် ကျောင်းတက်ရောက်လျက်ရှိသဖြင့် ၉၄ ဒသမ ၁ ရာခိုင်နှုန်း တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း၊ အချို့သောမိဘများမှာ ပညာရေးအားပေးမှုအားနည်းသည်ကို တွေ့ရှိရကြောင်း၊ တန်းစဉ်ကူးပြောင်းမှုအနေဖြင့် ကျောင်းနေသူများအနက် သူငယ်တန်းမှ စတုတ္ထတန်းအထိ ပညာသင်ကြားသူမှာ ၆၀ ရာခိုင်နှုန်းခန့်သာရှိပြီး အလယ်တန်းပညာပြီးဆုံးသူမှာ ၅၀ ရာခိုင်နှုန်းခန့်သာ ရှိကြောင်း၊ ကျောင်းသားကျောင်းသူများကို ပညာသင်ကြားပေးလျက်ရှိသည့် ဆရာ၊ ဆရာမများကို သက်ဆိုင်ရာဘွဲ့များအလိုက် ခံစားခွင့်များပေးလျက်ရှိသကဲ့သို့ ကျောင်းအုပ်ချုပ်ရေးတွင် တာဝန်ရှိသည့်ပုဂ္ဂိုလ်များအားလုံးကို လစာ၏ ၁၀ ရာခိုင်နှုန်းကို လစဉ်ခံစားခွင့်ပေးထားကြောင်း၊ အလားတူ အခြားတက္ကသိုလ်ကျောင်းများကိုလည်း ခံစားခွင့်များပေးထားကြောင်း၊ ယခုပညာသင်နှစ်တွင်ကျောင်းသား၊ ကျောင်းသူများ ယခင်နှစ်ထက် အရေအတွက် ပိုမိုများပြားစွာ ပညာသင်ကြားလျက်ရှိသဖြင့် နိုင်ငံအတွက် ကောင်းမွန်သည့် လက္ခဏာတစ်ခုပင်ဖြစ်ကြောင်း။

**ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုနှင့် ကာကွယ်ဆေးများ ထိုးနှံပေးမှု**

ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ ယခုလအတွင်း ရောဂါတွေ့ရှိမှုမှာ ပျမ်းမျှအားဖြင့် သုည ဒသမ ၁၄ ရာခိုင်နှုန်းသာ ရှိသည်ကိုတွေ့ရှိရကြောင်း၊ စတင်ဖြစ်ပွားချိန်မှ ယခုလ ၁၅ ရက်အထိ ကိုဗစ် – ၁၉ ရောဂါတွေ့ရှိမှုမှာ ၆၁၃၄၆၄ ဦး၊ သေဆုံးသူ ၁၉၄၃၄ ဦးဖြစ်ပြီး ယခုလအတွင်း ကိုဗစ်ရောဂါကြောင့် သေဆုံးမှုမရှိကြောင်း၊ စတင်ဖြစ်ပွားချိန်မှ ယနေ့အထိ ပိုးတွေ့မှုရာခိုင်နှုန်းမှာ ပျမ်းမျှအားဖြင့် သုည ဒသမ ၀၇ ရာခိုင်နှုန်းသာရှိကြောင်း၊ ကမ္ဘာပေါ်တွင် အချို့နိုင်ငံများ၌ ယနေ့အချိန်အထိ ဖြစ်ပွားလျက်ရှိပြီး လက်ရှိအချိန်အထိ ၅၉၂ သန်းခန့်နှင့် သေဆုံးမှုအနေဖြင့် ၆ သန်း ၃ သိန်းကျော်ရှိပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကူးစက်မှုနှုန်းများစွာနည်းပါးပြီး ထိုသို့နည်းပါးရခြင်းမှာ ပြည်သူများ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ အားကျိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများကြောင့်ဖြစ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် အချို့သော ကိုဗစ်-၁၉ ဆိုင်ရာစည်းကမ်းချက်များကို လိုက်နာရန် လိုအပ်နေသေးသည့်အတွက် အချို့စည်းကမ်းများကို ဆက်လက်ထားရှိခဲ့ကြောင်း၊ ကူးစက်မှုများ ထပ်မံကျဆင်းသွားပါက စည်းကမ်းချက်များကို ထပ်မံလျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးနှင့်ပတ်သက်၍ ဝယ်ယူမှုနှင့်လှူဒါန်းမှုများမှ ကာကွယ်ဆေးစုစုပေါင်း ၇၈ ဒသမ ၂ သန်းရှိပြီး ထိုးနှံပြီးစီးမှု အနေဖြင့် ၆၄ သန်း ထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးများ ထပ်မံထိုးနှံနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ထိုးနှံရန်ကျန်ရှိသည့်ဒေသများတွင် ထပ်မံထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းအလိုက်တာဝန်ရှိသူများအနေဖြင့်လည်း တွန်းအားပေးဆောင်ရွက်ကြစေလိုကြောင်း။

**အားကစားကဏ္ဍ မြှင့်တင်ရေးဆောင်ရွက်လျက်ရှိမှု**

(၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သူများကို ထိုက်တန်စွာဖြင့် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ အဆိုပါ ဆုရရှိခဲ့သူများထဲမှ ရွှေတံဆိပ်ရရှိသူများအား မော်တော်ယာဉ်များ အထူးကိစ္စဖြင့် ဝယ်ယူခွင့်ကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ ရွှေတံဆိပ်ရရှိပါက မိမိတို့နိုင်ငံ၏အလံကို အခြားနိုင်ငံအလံများ၏အပေါ်မှလွှင့်တင်နိုင်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်မည် ဖြစ်သဖြင့် ရွှေတံဆိပ်ရရှိအောင် စွမ်းဆောင်ခဲ့သူများကို ယခုကဲ့သို့ အထူးအခွင့်အလမ်းများပေးခြင်းဖြစ်ကြောင်း၊ နောင်လာမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း အောင်မြင်မှုများရရှိနိုင်ရေး၊ အားကစားသမားများအနေဖြင့် အစွမ်းကုန်

လေ့ကျင့်အားထုတ်ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးအတွက် ကြိုးစားအားထုတ်နိုင်စေရေးအတွက် မိမိတို့အနေဖြင့် အားကစားကဏ္ဍကို အားပေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်အားကစားပြိုင်ပွဲများကိုလည်း ကျင်းပပြုလုပ်လျက်ရှိသည့်အပြင် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကိုလည်း နိုဝင်ဘာလနှင့်ဒီဇင်ဘာလတို့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါအားကစားပြိုင်ပွဲများမှထွက်ရှိလာသည့် စံချိန်ကောင်းမွန်သည့် အားကစားသမားများကိုရွေးချယ်၍ နိုင်ငံ့လက်ရွေးစင်အားကစားသမားများအဖြစ် အားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်လိုအပ်မှု**

မိမိတို့နိုင်ငံတွင် အများဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းသည် အဓိကကျကြောင်း၊ အခြားလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံငွေ၊ လျှပ်စစ်ဓာတ်အားနှင့် လူသားအရင်းအမြစ်များအပါအဝင် အခြားအရင်းအမြစ်များ လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ဧကပေါင်း ၃၃ သန်းခန့်ရှိပြီး သီးထပ်စိုက်ဧက ၁၁ ဒသမ ၇ သန်း၊ သီးညှပ်စိုက်ဧက ၃၄ သန်းကျော်ရှိသဖြင့် စုစုပေါင်း စိုက်ဧက ၄၈ သန်းကျော်ရှိကြောင်း၊ စိုက်ဧကများအားလုံးတွင် သီးထပ်စိုက်ပျိုးမှုများ ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်လာမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်လာမည် ဖြစ်ကြောင်း။

သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ ၅၃ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများဖြစ်ကြပြီး အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ဆောင်ရွက်၍ ၎င်းတို့၏လုပ်အားများကို အသုံးချနိုင်ရန်လိုကြောင်း၊ ရှိပြီးသားမြေများပေါ်တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကျိုးရှိရှိဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မြေများလုံလောက်စွာရှိကြောင်း၊ ရှိပြီးသားစိုက်ဧကများ တိုးချဲ့ခြင်းထက်အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်ပါက နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည်တို့သည် အဓိကကျကြောင်း၊ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များရရှိအောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပြီး ဆက်လက်သုတေသနပြုလုပ်ရန်အတွက် မိမိအနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် နွားအကောင်ရေ ၁၀ သန်းကျော်ခန့်ရှိပြီး အခြား ကျွဲ၊ ဝက်၊ ကြက်များလည်း အရေအတွက်များစွာရှိကြောင်း၊ အဆိုပါမွေးမြူရေးလုပ်ငန်းများကို အကျိုးရှိရှိအသုံးချရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့်စွန့်ပစ်ပစ္စည်းများမှ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ဇီဝမြေဩဇာများရရှိရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် Skill Labor များနှင့်ပညာရှင်များလည်းလိုအပ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် သင်တန်းကျောင်းများနှင့် တက္ကသိုလ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိရိုးဖလာစိုက်ပျိုးနည်းများ အသုံးပြုခြင်းထက် ခေတ်မီနည်းစနစ်များ ပြောင်းလဲအသုံးပြု၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလာမည့် ၂ နှစ် ၃ နှစ်အတွင်း တိုးတက်ကောင်းမွန်လာမည်ဆိုပါက လာမည့် ၅ နှစ်တာကာလခန့်အတွင်း မိမိတို့နိုင်ငံ၏စီးပွားရေး လုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျောက်မီးသွေးအသုံးပြု၍ ဓာတ်မြေဩဇာထုတ်လုပ်ပြီး ယင်းမှ စွန့်ပစ်အပူဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သဖြင့် ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝဓာတ်မြေဩဇာထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံအတွက်များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ရေသုံးစွဲမှုနှင့်ပတ်သက်၍ သဘာဝရေချိုကို အကျိုးရှိစွာအသုံးချရန်လိုကြောင်း၊ မြန်မာနိုင်ငံအထက်ပိုင်းအညာဒေသများတွင် မိုးနည်းပြီးရေရှားပါးမှုများဖြစ်ပေါ်သည့် ဒေသများရှိသကဲ့သို့ မိုး

များသည့်အရပ်ဒေသများဖြစ်သည့် ရခိုင်၊ တနင်္သာရီတို့တွင် ရေချိုရှားပါးမှုများဖြစ်ပေါ် လျက်ရှိကြောင်း၊ ရေချိုရှားပါးမှုလျှော့ချနိုင်ရေး မိုးရေလှောင်ကန်များပြုလုပ်၍ ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့သဘာဝရေအရင်း အမြစ်များကိုအကျိုးရှိစွာဖြင့် အသုံးချရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုများကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဦးမောင်းဟာနှင့် စောဒန်နီယယ်တို့က သာသနာ့နွယ်ဝင် ရဟန်းသံဃာများ၊ ကိုရင်နှင့် သီလရှင်များ အကြမ်းဖက်သတ်ဖြတ် ခံရမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများကို ထိရောက်သည့် ပြစ်ဒဏ်ပေးနိုင်ရေးအတွက် ဥပဒေပြဋ္ဌာန်းနိုင်ရေး၊ မြို့ပြနှင့်ကျေးလက်ဒေသများတွင် ဆရာဝန်လိုအပ်ချက်ကို အထောက်အကူပြုနိုင်ရေးအတွက် ကျန်းမာရေးမှူးများ ဖြည့်တင်းခန့်ထားပေးရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင်ဖွဲ့စည်းထားသော တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ ပါတီနိုင်ငံရေးကင်းရှင်းစေရေး၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသွားမည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း ထည့်သွင်းယှဉ်ပြိုင်နိုင်ရေးသက်ဆိုင်ရာနိုင်ငံတကာအား ကစားအဖွဲ့များနှင့် လိုအပ်သည့်ကြိုတင်ညှိနှိုင်းမှုများ ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ အားကစားအဖွဲ့ချုပ်များ ပြန်လည်စိစစ်ဖွဲ့စည်းဆောင်ရွက်ရေး၊ စာသင်ကျောင်းများတွင် လူငယ် အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲများ စဉ်ဆက်မပြတ် ဆောင်ရွက်ရေး၊ တရားဝင်ဖွဲ့စည်းထူထောင်ထားသော နိုင်ငံရေးပါတီများ ရပ်တည်နိုင်ရေးအတွက် လိုအပ်နေသည့်အခက်အခဲများကို သက်ဆိုင်ရာက ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရေး၊ ရခိုင်ပြည်နယ် စစ်တွေမြို့ ကန်တော်ကြီး ရေသွယ်ယူရရှိရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ မင်းတပ်ဒေသမှ ပင်စင်စားများ အငြိမ်းစားလစာ ထုတ်ယူနိုင်ရေးအတွက် ကာလသတ်မှတ်ချက်များကိုဖြေလျှော့ပေးရေး၊ ကျောင်းသားများ လုံခြုံအေးချမ်းစွာ စာသင်ကြားနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးရေး၊ ကိုဗစ်-၁၉ ကြောင့် ထိခိုက်နစ်နာခဲ့ရသည့် အခြေခံအလုပ်သမားများ နိုင်ငံကူး Passport ပြုလုပ်ရာတွင် မြန်မြန်ဆန်ဆန်ရရှိစေရေး၊ ကယားပြည်နယ် ငြိမ်းချမ်းရေးအတွက် ပါဝင်သင့်ပါဝင်ထိုက်သူများနှင့် ဆွေးနွေးညှိနှိုင်းနိုင်ရေး ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့နွယ်ဝင်များအား အကြမ်းဖက်သတ်ဖြတ်သူများကို ထိရောက်သည့်ပြစ်ဒဏ်များ ချမှတ်နိုင်ရန် အထူးတရားရုံးများဖွဲ့စည်း၍ အမြင့်ဆုံးပြစ်ဒဏ်ပေးရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးပါတီများနှင့် ပတ်သက်၍ ရွေးကောက်ပွဲဥပဒေနှင့်နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေများတွင် သင့်လျော်သလို ပြင်ဆင်ပြီးမှသာ အဆိုပါဥပဒေသတ်မှတ်ချက်များအတိုင်း စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းနှင့်ပတ်သက်၍ မြို့ပြနှင့်ကျေးလက်ဆရာဝန်လိုအပ်ချက်များအတွက် လက်ထောက်ကျန်းမာရေးမှူးများဖြည့်တင်းနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ပြည့်မီရေးအတွက် စီမံချက်ချဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း ထည့်သွင်းယှဉ်ပြိုင်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များ ပြန်လည်ဖွဲ့စည်းရေးအတွက်လည်း သက်ဆိုင်ရာဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများတွင် လူငယ်အသိပညာမြှင့်တင်ရေး ဆွေးနွေးပွဲများဆောင်ရွက်နိုင်ရေး ကျောင်းဖွင့်ရာသီနောက်ပိုင်းတွင် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊

ရေနှင့်ပတ်သက်၍ ရေရှားပါးသည့်ဒေသများတွင် မိုးရေစုဆောင်း၍ အသုံးပြုသည့်နည်းလမ်း၊ မြေအောက်ရေထိန်းသိမ်းသိုလှောင် အသုံးပြုသည့်နည်းလမ်းများ ကြံဆဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်တွေမြို့ ကန်တော်ကြီး ရေရရှိရေးနှင့်ပတ်သက်၍လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပသို့သွားရောက်လုပ်ကိုင်သည့်အလုပ်သမားများ Passport ရရှိရန် ကြန့်ကြာနေရခြင်းသည် ယခုကာလတွင် ပြည်ပထွက်

ခွာမှု များပြားနေသည့်အတွက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသားများ တတ်နိုင်သမျှ ပြည်တွင်းတွင် အလုပ်လုပ်ကိုင်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်ပေးခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ကယားပြည်နယ် ငြိမ်းချမ်းရေးအတွက် ပါဝင်သင့်ပါဝင်ထိုက်သူများကို ဖိတ်ခေါ်ဆွေးနွေးသွားရန်လိုကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် နိုင်ငံ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ခရိုင်အဆင့်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်နည်းပညာအထက်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဆွေးနွေးနေကြောင်း၊ အဆိုပါ ကျောင်းများမှ ထူးချွန်စွာအောင်မြင်သူများကို စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာသိပ္ပံကျောင်း၊ ယင်းမှတစ်ဆင့် ကောလိပ်နှင့် တက္ကသိုလ်တို့သို့ ဝင်ခွင့်စာမေးပွဲဖြေဆို၍ ဆက်လက်တက်ရောက်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့မှသာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုး တက်လာမည်ဖြစ်ကြောင်း၊

ရေလုံလောက်စွာ ရရှိရေးနှင့်စပ်လျဉ်း၍ လိုအပ်ချက်ရှိသည့်ဒေသများတွင် နိုင်ငံတော်အပိုင်းက တတ်နိုင်သမျှစီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မြို့အလိုက်၊ ရပ်ကွက်အလိုက်၊ နေအိမ်အလိုက်လည်း မိုးရေခံရေကန်၊ ရေစုကန်၊ ရေလှောင်ကန်များတည်ဆောက်သုံးစွဲရန် စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စုဆောင်းထားသည့်ရေများကိုလည်း အလေအလွင့်မဖြစ်စေရန် ချွေတာသုံးစွဲကြရန်လိုကြောင်း၊

ပညာရေးနှင့် ပတ်သက်ပြီး စိန်ခေါ်မှုများစွာရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပညာရေးသည်အရေးပါသည့်ကဏ္ဍမှ ပါဝင်ကြောင်း၊ ကျောင်းနေအရွယ်ကလေးတိုင်း KG+9 အဆင့် တတ်မြောက်ရန်လိုကြောင်း၊ ပညာသင်ယူမှုအခွင့်အလမ်းများရရှိအောင် ဖန်တီးပေးရန်လိုကြောင်း၊ ယင်းမှ အသက်မွေးဝမ်းကျောင်းပညာရေးစနစ်သို့ ဆက်လက်ကူးပြောင်းနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် တွန်းအားပေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း မှာကြားသည်။

■ ■ ■

# ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) မှ ဒုတိယဥက္ကဋ္ဌ (၁) ခွန်ထွန်းတင် ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၁၆ – ၆ – ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁) ခွန်ထွန်းတင် ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ဇွန်လ ၁၆ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့တက်ရောက်ကြပြီး ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဒုတိယဥက္ကဋ္ဌ (၁) နှင့်အတူ တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) ခွန်မင်းသိန်းနှင့် ဗဟိုကော်မတီဝင် ခွန်ဖွဲ့ထိုက်တို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုနိုင်ငံတော်အတွင်း၌ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုရှိစေရေးအတွက် ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အခြေအနေ၊ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများရှိမည်ဖြစ်သော်လည်း ငြိမ်းချမ်းသည့်နည်းလမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရန်လိုသည့် အခြေအနေ၊ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသနှင့် တိုင်းပြည်

အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကျေအလည် ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ထောင်စုအကျိုးကို ရှေးရှု၍ အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးဆောင်ရွက်သွားကြရန် လိုသည့်အခြေအနေ၊ ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဒုတိယဥက္ကဋ္ဌ (၁)နှင့်အဖွဲ့ဝင်များက ယခုကဲ့သို့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ ပါဝင်ဆွေးနွေးခွင့်ရသည့်အတွက် အထူးကျေးဇူးတင်ရှိသည့်အခြေအနေ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)အနေဖြင့် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းကို အစဉ်လက်ခံထားသည့်အခြေအနေများနှင့် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပတ်သက်၍ သဘောထားတူညီချက်အမြင်များကို ပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

**စုပေါင်းဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်(PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁)နှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁)မှ ဒေသထွက်လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဆက်လက်ပြုလုပ်သွားမည်**

အဆိုပါ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)မှ ဒုတိယဥက္ကဋ္ဌ(၁) ဦးဆောင်သည့် အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီတို့နှင့်ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

■ ■ ■

# ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အားတွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၁၉ – ၆ – ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား ဇွန်လ ၁၉ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးသည်။

အဆိုပါ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့ တက်ရောက်ကြပြီး ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးနှင့်အတူ စစ်ရေးချုပ်အဆင့်ရှိသူ စောစိန်ဝင်းနှင့် ဆက်ဆံရေးဌာနမှူး စောကျော်သန်းဋ္ဌေးတို့တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုအကျိုးကိုရှေးရှု၍ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရန်ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ပြီး တွေ့ဆုံဆွေးနွေးရာတွင်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်များ၊ ဒေသတစ်ခုခြင်းနှင့် တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်ပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ပွင့်လင်းစွာဖြင့် အကြေအလည်ဆွေးနွေးသွားမည်ဖြစ်သဖြင့် အမြင်ကျယ်ကျယ်ဖြင့် ဆွေးနွေးကြစေလိုကြောင်း၊ ပြည်သူလူထုဆန္ဒနှင့်ကိုက်ညီသည့် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းဆွေးနွေးပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ထို့နောက် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးနှင့်အဖွဲ့ဝင်များက ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) အနေဖြင့် တပ်မတော်နှင့် အမြဲတမ်းလက်တွဲဆောင်ရွက်သွားမည်ဖြစ်သည့် အခြေအနေများနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးနှင့်ပတ်သက်၍ သဘောထားတူညီချက်အမြင်များကိုပြန်လည်ဆွေးနွေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို တင်ပြသည်။ ယင်းနောက် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ နှစ်ဖက်အမြင်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးနှင့်အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ရာ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီးက ဒေသထွက်လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်ခဲ့ပြီးစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဆက်လက်ပြုလုပ်သွားမည်**

အဆိုပါ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ်အဆင့်ရှိ စောစတီး ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းပေးထားသည့် ကောင်စီဝင်များပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

■ ■ ■

# မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၂၆ – ၆ – ၂၀၂၂ )






ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်တွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့အကြီးဆုံး ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ရန် ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇွန်လ ၂၆ နေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ညီစောနှင့် တပ်မတော်အရာရှိကြီးများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ယခင်ရောက်ရှိစစ်ဆေးစဉ် စစ်ဆေးတွေ့ရှိချက်၊ လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိမှု၊ ရေပန်းဝိုင်းနှင့် ကျောက်စာရုံစေတီများတည်ဆောက်နေမှု၊ ပိဋကတ်သုံးပုံကျောက်စာများကို ခေတ်မီစက်ကိရိယာများအသုံးပြု၍ ရေးထွင်းလျက်ရှိမှု၊ နဂါးရုံဘုရားအား ဆရာတော်ကြီးများ၏လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိမှု၊ ပိဋကတ်သုံးပုံကျမ်းစာများကို ပုံနှိပ်ထုတ်ဝေ၍ လှူဒါန်းမှုများပြုလုပ်ရန် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ပြည့်စုံစွာပါဝင်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုမာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့်နေရာသည် ဘုရား၊ သိမ်၊ ကျောင်း၊ ကန်၊ တံတားနှင့် မြောင်းများ ပြည့်စုံစွာပါဝင်သည့် နေရာတစ်ခုဖြစ်ကြောင်း၊ နဂါးရုံဘုရားကို တည်ထားကိုးကွယ်ရာတွင် ဆရာတော်ဘုရားကြီးများ၏လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ တည်ထားကိုးကွယ်ရန်လိုသကဲ့သို့ ပိဋကတ်တော်လာ စာပေကျမ်းဂန်များနှင့်လည်း ကိုက်ညီရန်လိုကြောင်း၊ ပိဋကတ်သုံးပုံကျမ်းစာများကို ထုတ်ဝေရေးဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်အတန်းမီသည့် ပုံနှိပ်ထုတ်ဝေမှုမျိုးဖြင့် ခန့်ညားထည်ဝါမှုရှိအောင် စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ပိဋကတ်သုံးပုံကျမ်းစာအုပ်များကို လှူဒါန်း

လိုသည့် အလှူရှင်များလှူဒါန်းနိုင်ရေးအတွက်လည်း အသိပေးနှိုးဆော်ရမည်ဖြစ်ကြောင်း၊ ပိဋကတ်သုံးပုံ ကျောက်စာချပ်များထားရှိမည့် ကျောက်စာရုံစေတီများ ရာသီဥတုဒဏ်ခံနိုင်ရေးနှင့် ကျောက်စာချပ်များ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်ကတည်းက တာဝန်ရှိသူများက စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ပလ္လင်တော် အကြမ်းထည်တည်ဆောက်ပြီးစီးမှု၊ ကျောက်စာချပ်များကို ခေတ်မီစက်ကိရိယာဖြင့် ထွင်းထုနေမှု၊ ရတနာပုံခေတ်ဟန် မင်္ဂလာတံတားတည်ဆောက်ပြီးစီးမှု၊ ချောင်းဖြောင့်မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သုဓမ္မာဇရပ်များတည်ဆောက်ပြီးစီးမှု၊ မုစလိန္ဒာအိုင်နှင့် ကျောက်စာရုံများတည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏တင်ပြချက်များကို နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**တည်ဆောက်ပြီးစီးမှု ၄၀ ရာခိုင်နှုန်းခန့်**

အဆိုပါ ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ထားကိုးကွယ်ရန် ကျောက်တုံးတော်ကြီးများသယ်ယူမှု၊ ကျောက်တုံးတော်ကြီးများကို CNC စက်ကြီးများဖြင့် ထုဆစ်မှု၊ ကျောက်စာရုံစေတီများ တည်ဆောက်မှု၊ ကျောက်စာချပ်များကို CNC စက်ကြီးများဖြင့် ထုဆစ်မှု၊ သုဓမ္မာဇရပ်များ၊ သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီး၊ မုစလိန္ဒာအိုင်၊ ရေပန်းဝိုင်း၊ ရတနာပုံခေတ်ဟန်မင်္ဂလာတံတားနှင့် အခြားဆက်စပ်သည့် တည်ဆောက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ချိန်မှ ယနေ့အထိ တည်ဆောက်ပြီးစီးမှုမှာ ၄၀ ရာခိုင်နှုန်းခန့်ရှိပြီ ဖြစ်သည်။

■ ■ ■

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ်၊ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားတွင် ပြောကြားသည့်အမှာစကား

( ၂၆ - ၆ - ၂၀၂၂ )



ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန်လ ၂၆ နေ့ နံနက် ၇ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊ မာရဝိဇယဘုရားလမ်း စံပယ်လမ်းဝဲယာ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့်ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ မြို့ပြနှင့်ကျေးလက်များ စိမ်းလန်းစိုပြည် သန့်ရှင်းသာယာလှပစေရန်၊ ပြည်သူများ အပန်းဖြေနားနေစရာ

စိမ်းလန်းမြေများဖွံ့ဖြိုးလာစေရန်နှင့် သစ်တောဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ နိုင်ငံနှင့်အဝှမ်း ကျင်းပနေကြခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ မှတ်တမ်း အရ ကမ္ဘာပေါ်တွင် ၁၇ ရာစုနှင့် ၁၈ ရာစုနှစ်များက သစ်တောဧရိယာ ၆ ဒသမ ၂ ဘီလီယံဟတ်တာခန့် ရှိခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ၃ ဒသမ ၈၇ ဘီလီယံ ဟတ်တာခန့်သာ ကျန်ရှိတော့သည်ကို သိရှိရကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများသည် ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့သစ်တောဧရိယာ၏ ၇ ရာခိုင်နှုန်းခန့် ပိုင်ဆိုင်လျက်ရှိသော်လည်း ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း သစ်တောဧရိယာ ဟတ်တာ ၉ ဒသမ ၄ သန်းခန့် ပြုန်းတီးခဲ့သည်ကို လေ့လာသိရှိရကြောင်း။

**သဘာဝသစ်တောဂေဟစနစ်များ တစ်နေ့ထက်တစ်နေ့ ပျက်စီးယိုယွင်းလာ**

မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လက်ရှိကြုံတွေ့နေရသည့် သစ်တောပြုန်းတီးမှုဖြစ်စဉ်များကို လေ့လာကြည့်မည်ဆိုပါက သစ်တောများကို စည်းမဲ့ကမ်းမဲ့ အလွန်အကျွံခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းတောင်ယာများစိုက်ပျိုးခြင်း၊ ထင်းနှင့်မီးသွေးလောင်စာများ အလွန်အကျွံထုတ်လုပ်ခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မြို့ပြနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးမြေများနှင့် စက်မှုဖွံ့ဖြိုးရေး လုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ခြင်းများကြောင့် သစ်တောမြေများမှ အခြားမြေအသုံးချမှုကို ပြောင်းလဲခြင်းဖြစ်ပေါ်စေပြီး သဘာဝသစ်တောဂေဟစနစ်များ တစ်နေ့ထက်တစ်နေ့ ပျက်စီးယိုယွင်းလာနေသည်ကိုတွေ့ရမည်ဖြစ်ကြောင်း၊ သစ်တောပြုန်းတီးမှုကြောင့် လူသားများ အသက်ရှင်ရပ်တည်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများဖြစ်သည့် ရာသီဥတုပြောင်းလဲဖောက်ပြန်လာခြင်း၊ မြစ်၊ ချောင်း၊ ကန်များ တိမ်ကောလာစေပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်းနှင့် တစ်ဖက်တွင်လည်း ရေများညစ်ညမ်းလာပြီး ရေချိုအရင်းအမြစ်များ ခန်းခြောက်ဆုံးရှုံးလာခြင်း၊ မြေဆီလွှာများ ပြုန်းတီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ဆုံးလျော့နည်းလာခြင်း စသည့် နောက်ဆက်တွဲဆိုးကျိုးများကို ကြုံတွေ့နေရကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂက "ဂေဟစနစ်ပြန်လည်ကောင်းမွန်ရှင်သန်ရေး ကုလသမဂ္ဂ ဆယ်စုနှစ်ကြေညာချက် (၂၀၂၁-၂၀၃၀)" ကို ထုတ်ပြန်ခဲ့ရာတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဘေးအန္တရာယ်များ တွန်းလှန်တိုက်ဖျက်နိုင်ရေး၊ သန်းပေါင်းများစွာသော မျိုးစိတ်များလျော့ပါးပျောက်ကွယ်လာမှုကို တားဆီးကာကွယ်နိုင်ရေးနှင့် အစားအစာဖူလုံမှု၊ ရေထောက်ပံ့မှုနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ သေချာခိုင်မာစေရေးတို့အတွက် ပျက်ဆီး၊ ပြုန်းတီးလာနေသည့်ဂေဟစနစ်များကို ပြန်လည်ရှင်သန်ကောင်းမွန်လာစေရေး တွန်းအားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း။

မိမိတို့ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုသည် ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံဧရိယာ၏ ၅၂ ရာခိုင်နှုန်းရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း ရှိသည့်အတွက် သစ်တောဖုံးလွှမ်းမှု ပိုမိုလျော့နည်းမသွားစေရေး၊ သစ်တောပြုန်းတီးမှု လျှော့ချရပ်ဆိုင်းနိုင်ရေး၊ သဘာဝတောများထိန်းသိမ်းရေး၊ သစ်တောများပြန်လည်ထူထောင်ရေး၊ သစ်တောမြေမှ အခြားမြေအဖြစ် ပြောင်းလဲအသုံးချမှုမရှိစေရေး၊ အမြဲတမ်းသစ်တောနယ်မြေအတွင်းသာမက သစ်တောမြေပြင်ပ သဘာဝတောများထိရောက်စွာထိန်းသိမ်းနိုင်ရေးတို့အတွက် သစ်တောမူဝါဒများနှင့်အညီ

> **နေပြည်တော်ကို**
> **သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်ပြီး**
> **သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာ**
> **လှပသည့် Green and Clean City အဖြစ်**
> **ရေရှည်တည်ထောင်နိုင်ရေးနှင့်**
> **အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း**
> **ပတ်ဝန်းကျင် ရေရှည်ကောင်းမွန်သည့်**
> **Green and Clean Cities များ**
> **တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို**
> **အမြော်အမြင်ကြီးကြီးဖြင့် အလေးထား**
> **ဆောင်ရွက်ကြရန်လို။**

သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံသားများအားလုံးက ပူးပေါင်းဆောင်ရွက်ပေးကြရန် အသိပေးတိုက်တွန်းလိုကြောင်း။

ယနေ့ကမ္ဘာတွင် မြို့ပြလူဦးရေ ထူထပ်လာခြင်း၊ စက်မှုလုပ်ငန်းများ တိုးချဲ့လာခြင်းတို့ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်နိုင်ရေးအတွက် လမ်းဘေးဝဲယာသစ်တောများ၊ စိမ်းလန်းမြေ (Green Spaces) များ၊ ဥယျာဉ်များ၊ ပန်းခြံများ ပါဝင်သည့် မြို့ပြသစ်တောများ (Urban Forests) စသည်တို့ စိုက်ပျိုးထိန်းသိမ်းခြင်းကို အထူးအလေးပေးဆောင်ရွက်လာကြသည်ကို လေ့လာတွေ့ရှိရကြောင်း။

မြို့ပြသစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းမှတစ်ဆင့် ပြည်သူလူထု စိတ်ပျော်ရွှင်ကျန်းမာရေးအတွက် စိမ်းလန်းစိုပြေသည့် အပန်းဖြေနားနေစရာနေရာများ တိုးပွားလာစေခြင်း၊ မြို့ပြ၏ရေသံသရာစက်ဝန်းကို ထိန်းညှိပေးနိုင်ပြီး မြေအောက်ရေထိန်းသိမ်းပေးခြင်းဖြင့် ကောင်းမွန်သည့်သောက်သုံးရေရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ခရီးသွားများနှင့် စီးပွားရေးလုပ်ငန်းများအတွက် စိတ်ချမ်းမြေ့စရာပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များ လျှော့ချပေးနိုင်ခြင်း၊ လေထုညစ်ညမ်းမှုမှ ကာကွယ်ပေးနိုင်ခြင်း၊ မြေဆီလွှာကောင်းမွန်စေပြီး မြေယာရှုခင်းများ ထိရောက်စွာ ထိန်းသိမ်းနိုင်ခြင်းကြောင့် ကမ္ဘာ့သက်ရှိများတည်မြဲရေး (Life on Land) ကို အထောက်အကူပြုခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း။

နေပြည်တော်ကောင်စီ နယ်မြေအတွင်းတွင် မြို့ပြသစ်တော စိုက်ပျိုးထိန်းသိမ်းရေး လုပ်ငန်းများကို ၂၀၀၆-၂၀၀၇ ခုနှစ်များကစတင်ပြီး ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သည့်အတွက် စိမ်းလန်းစိုပြေသည့်ပတ်ဝန်းကျင်ကိုပိုင်ဆိုင်ပြီး နွေရာသီတွင် အပူချိန်လျော့နည်းခဲ့ခြင်း၊ သမမျှတသည့်ရာသီဥတုကို ရရှိခဲ့ခြင်းများကြောင့် စိမ်းလန်းပြီး သန့်ရှင်းသည့် မြို့ပြတစ်ရပ်တည်ထောင်နိုင်ခဲ့ခြင်း၏ အကျိုးရလဒ်အဖြစ် လက်တွေ့ခံစားသိမြင်နိုင်ကြသည်ကို အားလုံးအသိဖြစ်ကြောင်း။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်သည့်နေရာသည် ကမ္ဘာတွင် အကြီးဆုံးဖြစ်လာမည့်မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးတည်ရှိရာကို နေပြည်တော်မှဝင်ရောက်ရာ အဓိကလမ်းဖြစ်သော စံပယ်လမ်းဖြစ်ကြောင်း၊ ယင်းလမ်းကို အမြဲတမ်းစိမ်းလန်းသာယာစေရန် ပန်းအခြေခံသည့် နှစ်ရှည်ပင်များဖြစ်သည့် ကံ့ကော်၊ စိန်ပန်းနှင့် ခရေပင်များ စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ ယခုလမ်းကြီးကို ၄ လမ်းသွားအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် နေပြည်တော်ကို သစ်တော သစ်ပင်များဖြင့် စိမ်းလန်းစိုပြည်ပြီး သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပသည့် Green and Clean City အဖြစ် ရေရှည်တည်ထောင်နိုင်ရေးနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ပတ်ဝန်းကျင်ရေရှည်ကောင်းမွန်သည့် Green and Clean Cities များ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို အမြော်အမြင်ကြီးကြီးဖြင့် အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း။

**နိုင်ငံတော်အစိုးရအနေဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု (Green Campaign) များ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ယခုကဲ့သို့ ကျောင်းသား၊ ကျောင်းသူ လူငယ်မျိုးဆက်သစ်များကို ပူးပေါင်းပါဝင်စေခြင်းသည် အနာဂတ်မျိုးဆက်သစ်များအတွက် သစ်ပင်သစ်တောများနှင့် ပိုမိုစိမ်းလန်းစိုပြည်ပြီး ကျန်းမာပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော၊ သန့်ရှင်းကောင်းမွန်သည့် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ထိန်းသိမ်းနိုင်ရေးသည် အရေးကြီးသည်ဆိုသည့်အသိစိတ်ကိုရရှိစေပြီး သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည် သာယာလှပရန်အတွက် လူငယ်များကလည်း ပါဝင်ပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်။**

**သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေ သာယာလှပရန် လူငယ်များကလည်း ပါဝင်**

နိုင်ငံတော်အစိုးရအနေဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးလှုပ်ရှားမှု (Green Campaign) များ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ယခုကဲ့သို့ ကျောင်းသား၊ ကျောင်းသူ လူငယ်မျိုးဆက်သစ်များကို ပူးပေါင်းပါဝင်စေခြင်းသည် အနာဂတ်မျိုးဆက်သစ်များအတွက် သစ်ပင်သစ်တောများနှင့် ပိုမိုစိမ်းလန်းစိုပြေပြီး ကျန်းမာပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသော၊ သန့်ရှင်းကောင်းမွန်သည့် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ထိန်းသိမ်းနိုင်ရေးသည် အရေးကြီးသည်ဆိုသည့် အသိစိတ်ကိုရရှိစေပြီး သဘာဝပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြေသာယာလှပရန်အတွက် လူငယ်များကလည်း ပါဝင်ပြီး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍ ဖွံ့ဖြိုးရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာတွင် မြေပေါ်မြေအောက်သဘာဝသယံဇာတများ ရေရှည်တည်တံ့စေရေးနှင့် အမွေအနှစ်များကို နောင်အနာဂတ်မျိုးဆက်များတိုင်အောင် လက်ကမ်းပေးနိုင်ရေး၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျှော့ချရေးနှင့် ပြန်လည်မွမ်းမံရေး၊ နိုင်ငံပိုင်သစ်တောများ ရေရှည်တည်တံ့စေရေး၊ မြို့ပြသစ်တောများနှင့် ကျေးရွာပိုင်ထင်းစိုက်ခင်းများ တည်ထောင်ရေး၊ ပင်လယ်ကမ်းခြေဒေသရှိ ဒီရေတောများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေး၊ မြစ်ချောင်းနှင့် ဆည်တာတမံများ ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရေးအတွက် ရေဝေရေလဲသစ်တောများ တည်ထောင်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် နိုင်ငံတော်နှင့်အတူ မျိုးဆက်သစ်လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် "စိမ်းလန်းသာယာသည့် နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရဂုဏ်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြဖို့" ထပ်မံတိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

■ ■ ■